# ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်










နိုဝင်ဘာလ ၂၀၁၇

UKaid
from the British people

UN-HABITAT
FOR A BETTER URBAN FUTURE

BRACED
Building Resilience and Adaptation to Climate Extremes and Disasters

# မာတိကာ


ကျေးဇူးတင်ဂုဏ်ပြုလွှာ
ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏အမှာစာ ၁

**အခန်း(၁) နိဒါန်း**

၁–၁။ နောက်ခံသမိုင်းကြောင်း ၃
၁–၂။ လုပ်ငန်းစီမံချက်၏ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ ၄
၁–၂–၁။ ရည်မှန်းချက် ၄
၁–၂–၂။ ရည်ရွယ်ချက်များ ၄

**အခန်း(၂) မြို့နယ်ဆိုင်ရာ အချက်အလက်များ**

၂–၁။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု ၅
၂–၂။ ပထဝီဝင်အနေအထား ၈
၂–၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ၈
၂–၄။ လူဦးရေဆိုင်ရာ အချက်အလက်များ ၁၀
၂–၅။ စီးပွားရေးဆိုင်ရာအချက်အလက်များ ၁၀
၂–၆။ ပညာရေးကဏ္ဍ ၁၁
၂–၇။ ကျန်းမာရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ၁၁

**အခန်း(၃) အန္တရာယ်များနှင့် အန္တရာယ်ကျရောက်လွယ်မှုဖော်ပြခြင်း**

၃–၁။ အန္တရာယ်များလေ့လာဆန်းစစ်ချက် ၁၂
၃–၁–၁။ မီးဘေး ၁၂
၃–၁–၂။ တောင်ကျရေဘေး ၁၅
၃–၁–၃။ လေပြင်းဘေး ၁၇
၃–၁–၄။ မိုးကြိုးဘေး ၁၉
၃–၁–၅။ မိုးသီးကြွေဘေး ၂၁
၃–၂။ အန္တရာယ်ကျရောက်လွယ်မှု လေ့လာဆန်းစစ်ချက် ၂၃
၃–၂–၁။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု ၂၃
၃–၂–၂။ လူမှုစီးပွားရေးဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု ၂၃
၃–၂–၃။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် အန္တရာယ်ကျရောက်လွယ်မှု ၂၃
၃–၃။ စွမ်းဆောင်ရည်လေ့လာဆန်းစစ်ချက် ၂၄
၃–၃–၁။ ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာနေရာများ ၂၄
၃–၃–၂။ သတင်းလက်ခံရရှိမှု ၂၄
၃–၃–၃။ လူစွမ်းအားအရင်းအမြစ်များ ၂၄
၃–၃–၄။ သောက်သုံးရေရရှိမှု ၂၄
၃–၃–၅။ ပညာရေးဆိုင်ရာ အချက်အလက်များ ၂၄
၃–၃–၆။ သွားရေးလာရေး လွယ်ကူမှု ၂၅

**အခန်း(၄) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိမှုများ**

၄-၁။ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းထားရှိမှု ၂၈
၄-၂။ ကျိုင်းတုံမြို့နယ် လုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှု ၂၉

**အခန်း(၅) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တာဝန်နှင့် ဝတ္တရားများ**

၅-၁။ ကျိုင်းတုံမြို့နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၃၃
၅-၂။ ကျိုင်းတုံမြို့နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများ၏ တာဝန်နှင့် ဝတ္တရားများ ၃၆
(၁) ပြန်ကြားရေးနှင့် ဆက်သွယ်ရေး လုပ်ငန်းကော်မတီ
(၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးရေးလုပ်ငန်းကော်မတီ
(၃) အချိန်မီရှာဖွေကယ်ဆယ်ရေး၊ စစ်တမ်းကောက်ယူရေးနှင့် နေရာချထားရေးလုပ်ငန်းကော်မတီ
(၄) စားနပ်ရိက္ခာနှင့်ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ
(၅) ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကော်မတီ
(၆) လုံခြုံရေးလုပ်ငန်းကော်မတီ
(၇) ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ
(၈) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

**အခန်း(၆) ဘေးအန္တရာယ်ဒဏ်နည်းပါးသက်သာစေရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေး၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ**

၆-၁။ ဘေးအန္တရာယ် နည်းပါးသက်သာစေရေး အစီအစဉ်များ ၄၉
၆-၂။ ကြိုတင်ပြင်ဆင်ရေး အစီအစဉ်များ ၅၁
၆-၃။ တုံ့ပြန်မှုအစီအစဉ်များ ၅၂
၆-၄။ ပြန်လည်ထူထောင်ရေး အစီအစဉ်များ ၅၃

**အခန်း(၇) လုပ်ငန်းစီမံချက် စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း။**

၇-၁။ စီမံချက် အကောင်အထည်ဖော်နိုင်မှုကို စောင့်ကြည့် စစ်ဆေးခြင်း ၅၅
၇-၂။ စီမံချက် ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း ၅၉
၇-၃။ နိဂုံး ၅၉


**ပုံများစာရင်း**

ပုံ (၁) ကျိုင်းတုံမြို့ ရပ်ကွက်ပြမြေပုံ ၇
ပုံ (၂) ကျေးရွာအုပ်စုအလိုက် မီးဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၁၄
ပုံ (၃) ကျေးရွာအုပ်စုအလိုက် ရေကြီး၊ တောင်ကျချောင်းရေ အန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၁၆
ပုံ (၄) ကျေးရွာအုပ်စုအလိုက် လေပြင်းအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၁၈
ပုံ (၅) ကျေးရွာအုပ်စုအလိုက် မိုးကြိုးပစ်ခြင်း ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၂၀
ပုံ (၆) ကျေးရွာအုပ်စုအလိုက် မိုးသီးကြွေကျခြင်း ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၂၂

## ဇယားများစာရင်း


| | | |
|---|---|---|
| ဇယား (၁) | ကျိုင်းတုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ စာရင်း | ၅ |
| ဇယား (၂) | ကျိုင်းတုံမြို့နယ်၏ နှစ်အလိုက် မိုးရေချိန်နှင့် အပူချိန် | ၉ |
| ဇယား (၃) | ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော မီးဘေးများနှင့် ထိခိုက်ဆုံးရှုံးမှုများ | ၁၃ |
| ဇယား (၄) | ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော ရေကြီးမှုများနှင့် ထိခိုက်ဆုံးရှုံးမှုများ | ၁၅ |
| ဇယား (၅) | ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခိုက်မှုများနှင့် ထိခိုက်ဆုံးရှုံးမှုများ | ၁၇ |
| ဇယား (၆) | ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော မိုးကြိုးပစ်ခြင်းများနှင့် ထိခိုက်ဆုံးရှုံးမှုများ | ၁၉ |
| ဇယား (၇) | ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော မိုးသီးကြွေကျခြင်းများနှင့် ထိခိုက်ဆုံးရှုံးမှုများ | ၂၁ |


## နောက်ဆက်တွဲများ


| | | |
|---|---|---|
| နောက်ဆက်တွဲ (၁) | ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များအား ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များ | ၆၀ |
| နောက်ဆက်တွဲ (၂) | ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများဖုန်းနံပါတ် | ၆၂ |
| နောက်ဆက်တွဲ (၃) | ကျိုင်းတုံမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ | ၆၄ |
| နောက်ဆက်တွဲ (၄) | ကျိုင်းတုံမြို့နယ်အတွင်းရှိ ဘေးအန္တရာယ် ကျရောက်လွယ်မှုပြဇယား | ၆၆ |
| နောက်ဆက်တွဲ (၅) | အရေးပေါ်အကူအညီ လိုအပ်ချက်တောင်းခံမှုပုံစံ | ၆၈ |
| နောက်ဆက်တွဲ (၆) | ပျက်စီးဆုံးရှုံးမှု လေ့လာဆန်းစစ်ချက်ပုံစံ | ၆၉ |
| နောက်ဆက်တွဲ (၇) | ကျေးရွာအုပ်စုအဆင့် အချက်အလက်ကောက်ယူမှုပုံစံ | ၇၁ |
| နောက်ဆက်တွဲ (၈) | ကျေးရွာအုပ်စုသဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်မှုပုံစံ | ၇၄ |
| နောက်ဆက်တွဲ (၉) | သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်း အချက်အလက်ကောက်ယူမှုပုံစံ | ၇၆ |

# ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ

ကျိုင်းတုံမြို့နယ်သည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် အရသော်လည်းကောင်း မီးဘေး၊ တောင်ကျရေဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေးနှင့် မိုးသီးကြွေကျဘေး စသည့်ဘေးအမျိုးမျိုး၏ ဒဏ်မှ ကျရောက်နိုင်ခြေများပြီး အခြားသောအန္တရာယ်များဖြစ်သည့် ကူးစက်ရောဂါဘေးတို့သည်လည်း အချိန်မရွေး ကျရောက်နိုင်သည်ကို တွေ့ရှိရပါသည်။

ယခုအချိန်တွင် ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင် ပြုန်းတီးလာခြင်းနှင့် ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်လာမှုနှင့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေ ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ပြန်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် နိုင်ငံတော်အဆင့်မှ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများအထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ရေးဆွဲရန် ဖော်ပြထားသည်ကို တွေ့ရပါသည်။ ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ပေါ် အခြေခံပြီး ပြောင်းလဲလာသော ဒေသလိုအပ်ချက်များနှင့် စီမံချက်ကိုပိုမိုကျယ်ပြန့်သော သက်ဆိုင်ရာပါဝင်ပတ်သက်သူ အားလုံးနှင့် တိုင်ပင်ဆွေးနွေးခြင်း နည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိစေရန် အကောင်အထည်ဖော်ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေနှင့် လိုက်လျောညီထွေဖြစ်အောင် အနည်းဆုံး (၂) နှစ်လျှင်တစ်ကြိမ် ပုံမှန်အချိန်သတ်မှတ်၍ ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ သဘာဝဘေးအန္တရာယ်မကျရောက်မီ ဘေးလျော့ပါးရေးလုပ်ငန်းနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်သတိပေးစနစ်၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး စသည့်လုပ်ငန်းများကို ဤစီမံချက်ပါအတိုင်း ဆောင်ရွက်သွားပါက ဘေးကျရောက်လျှင် ပျက်စီးဆုံးရှုံးမှုနည်းပါးပြီး မူလအခြေအနေသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိနိုင်မည် ဖြစ်ပါသည်။

စီမံချက်ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အစမ်းလေ့ကျင့်မှုများပြုလုပ်ရန် လိုအပ်ပြီး ရရှိလာသော သင်ခန်းစာများသည် စီမံချက်အား ထပ်မံဖြည့်စွက်ရေးဆွဲရန် လိုအပ်သောလမ်းညွှန်မှုကို ပေးနိုင်ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးလာပြီး မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်း

များ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အဦများကို အကာအကွယ်ပေးနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျှော့ပါးရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို လျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် ဦးဆောင်မှုပေးခဲ့သော ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နည်းပညာနှင့်ကျွမ်းကျင်မှုများ ပံ့ပိုးပေးခဲ့သော ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးအစီအစဉ် (UN-Habitat)၊ ပူးပေါင်းပါဝင်ဆွေးနွေး အကြံဉာဏ်ပေးခဲ့ကြသော မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ငွေကြေးပံ့ပိုးမှုပေးပါသော Department for International Development (DFID)နှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်မြောက်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါသော Building Resilience and Adaptation to Climate Extremes and Disasters (BRACED Alliance Myanmar) တို့ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်

# အခန်း [ ၁ ]
# နိဒါန်း

## ၁-၁။ နောက်ခံသမိုင်း

ကျိုင်းတုံမြို့နယ်သည် ဘေးပတ်လည်တွင် တောင်ကုန်း၊ တောင်တန်းများတည်ရှိခြင်း၊ တောင်စောင်းများ မြေညှိ၍ အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်းများကြောင့် မြေပြိုခြင်း၊ တောင်ပြိုခြင်းနှင့် မိုးများသည့်အခါ တောင်ကျရေ လွှမ်းမိုးခြင်းစသည့် သဘာဝဘေးဒဏ်များ ခံစားရမှုများသည့် မြို့နယ်ဖြစ်သည်။ ထို့အတွက် နောင်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များတွင် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးစေခြင်းဖြင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အဦများနှင့် တိရစ္ဆာန်များ၊ သဘာဝသယံဇာတသစ်တောများ အစရှိသည်တို့အား ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တွေ့ကြုံခဲ့သည့် အတွေ့အကြုံအခက်အခဲများအပေါ် သင်ခန်းစာယူ၍ ကြိုတင်ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ထားရှိနိုင်ရန် ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ပါးရေးဆိုသည်မှာ ဖြစ်ရပ်တစ်ခု၏ အကျိုးဆက်များ လျော့နည်းကျဆင်းစေရန် ဆောင်ရွက်သော တားဆီးကာကွယ်ခြင်း၊ နည်းပါးသက်သာစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ တုန့်ပြန်ခြင်းနှင့် သုတေသနပြုခြင်း အစီအမံများအပါအဝင် လုပ်ငန်းများအားလုံးကို ခေါ်ပါသည်။

သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ထိခိုက်ဆုံးရှုံးမှု နည်းပါးသည်ထက်နည်းပါးစေရန် ရည်ရွယ်လျက် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျ၊ အမြန်ဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်နိုင်ရန် **“ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်”**ကို ရေးဆွဲပါသည်။ ထို့အပြင် ဤစီမံချက်သည် ကျိုင်းတုံမြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်ရန်အတွက်လည်း အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

ဤလုပ်ငန်းစီမံချက်ကို ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ မြို့နယ်အတွင်း လုပ်ငန်းစီမံကိန်းများဆောင်ရွက်နေသော အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများစသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သူများ ပူးပေါင်းပါဝင် ဆွေးနွေးသည့် နည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

ကျိုင်းတုံမြို့နယ်အတွင်း ယခင်က ကျရောက်ခဲ့သော ဘေးအန္တရာယ်များဆိုင်ရာ အချက်အလက်များ၊ ယခင်က ဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ၎င်းတို့၏ သက်ရောက်မှုများအပေါ် အခြေခံလျက် မြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံရလွယ်မှု အခြေအနေနှင့် မြို့နယ်အတွင်းရရှိနိုင်သော အရင်းအမြစ်များ စသည်တို့ကိုလည်း ဖော်ထုတ်သတ်မှတ်၍ ဤလုပ်ငန်းစီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။

## ၁-၂။ လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ

### ၁-၂-၁။ ရည်မှန်းချက်

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက် (Township Disaster Management Plan, TDMP) ၏ ရည်မှန်းချက်မှာ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးစေရန်နှင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အအုံများကို အကာအကွယ်ပေးနိုင်ရန် ဖြစ်ပါသည်။

### ၁-၂-၂။ ရည်ရွယ်ချက်များ

မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစီမံချက်၏ ရည်ရွယ်ချက်များမှာ-

- မြို့နယ်တွင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်။
- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျနှင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်။
- မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်နိုင်ရန်။

# အခန်း [ ၂ ]
# မြို့နယ်ဆိုင်ရာ အချက်အလက်များ

## ၂-၁။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု

ကျိုင်းတုံမြို့နယ်၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ပါသည်။

**အစိုးရဌာနများ** ။ ။ ကျိုင်းတုံမြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်းများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများကို ဖွဲ့စည်းထားရှိပါသည်။ ကျိုင်းတုံမြို့နယ်အတွင်း မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားသော ဌာနဆိုင်ရာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဇယား(၁) ကျိုင်းတုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစာရင်း**

| စဉ် | ဝန်ကြီးဌာန | ဦးစီးဌာန |
|---|---|---|
| ၁။ | ပြည်ထဲရေးဝန်ကြီးဌာန | - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>- မီးသတ်ဦးစီးဌာန<br>- မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>- အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန |
| ၂။ | နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန | - စည်ပင်သာယာရေးကော်မတီ |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | - ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>- မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ |
| ၄။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | - ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန<br>- စိုက်ပျိုးရေးဦးစီးဌာန<br>- စက်မှုလယ်ယာဦးစီးဌာန<br>- လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>- မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်<br>- ငါးလုပ်ငန်းဦးစီးဌာန<br>- ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန<br>- မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန |
| ၅။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | - ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရုံး<br>မြို့နယ်မန်နေဂျာရုံး |

| စဉ် | ဝန်ကြီးဌာန | ဦးစီးဌာန |
|---|---|---|
| ၆။ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | – သစ်တောဦးစီးဌာန |
| ၇။ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | – မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း |
| ၈။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | – အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန<br>– ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး |
| ၉။ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | – ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန |
| ၁၀။ | ပညာရေးဝန်ကြီးဌာန | – ပညာရေးမှူးရုံး |
| ၁၁။ | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | – ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>– အားကစားနှင့် ကာယပညာ ဦးစီးဌာန<br>– တိုင်းရင်းဆေးပညာ ဦးစီးဌာန |
| ၁၂။ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | – စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>– မြန်မာ့စီးပွားရေးဘဏ်ခွဲ<br>– ပြည်တွင်းအခွန်များဦးစီးဌာန |
| ၁၃။ | ဆောက်လုပ်ရေးဝန်ကြီးဌာန | – လမ်းဦးစီးဌာန<br>– တံတားဦးစီးဌာန |

ပုံ (၁) ကျိုင်းတုံမြို့ ရပ်ကွက်ပြမြေပုံ



## ၂-၂။ ပထဝီဝင်အနေအထား

**တည်နေရာ**

ကျိုင်းတုံမြို့နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်တွင် တည်ရှိပါသည်။ ကျိုင်းတုံမြို့နယ်သည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၅ မိနစ် နှင့် ၂၁ ဒီဂရီ ၃၅ မိနစ်ကြား အရှေ့လောင်ဂျီတွဒ် ၉၉ ဒီဂရီ ၁၆ မိနစ်နှင့် ၁၀၀ ဒီဂရီ ၄၅ မိနစ်အကြားတွင် တည်ရှိပြီး အရှေ့မှအနောက်သို့ (၆၂)မိုင်ရှိပြီး တောင်မှမြောက်သို့ (၆၃)မိုင် ရှည်လျားပါသည်။ ကျိုင်းတုံမြို့နယ်၏ ဧရိယာအကျယ်အဝန်းမှာ (၁၄၆၀. ၉) စတုရန်းမိုင်ဖြစ်ပြီး မြို့၏ အကျယ်အဝန်းမှာ (၃. ၅၈) စတုရန်းမိုင် ဖြစ်ပါသည်။

ကျိုင်းတုံမြို့နယ်သည် အရှေ့ဘက်တွင် မိုင်းယောင်းမြို့နယ်၊ အနောက်ဘက်တွင် တုံတာမြို့နယ်ခွဲနှင့် မိုင်းပျဉ်းမြို့နယ်၊ တောင်ဘက်တွင် မိုင်းဖြတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်၊ မြောက်ဘက်တွင် မိုင်းခတ်မြို့နယ်နှင့် မိုင်းလားမြို့နယ်တို့နှင့် ထိစပ်နေပါသည်။

ကျိုင်းတုံမြို့နယ်သည် မြေမျက်နှာသွင်ပြင် အနေအထားအရ မြို့နယ်၏တောင်ဘက်ခြမ်းသည် မြင့်မားပြီး မြောက်ဘက်ခြမ်းသို့ တဖြည်းဖြည်း နိမ့်ဆင်းသွားပါသည်။ မြစ်ချောင်းများနည်းပါးသည့် ဒေသဖြစ်ပြီး ချောင်းများသည် တောင်မှ မြောက်သို့ စီးဆင်းလျက်ရှိပါသည်။ ထင်ရှားသောချောင်းမှာ နမ့်ခင်ချောင်းဖြစ်ပြီး နွေရာသီတွင် ရေအနက် တစ်ပေခန့်သာ ရှိပါသည်။ ကျိုင်းတုံမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ (၂၇၁၀)ပေ အထက်တွင် တည်ရှိပါသည်။

## ၂-၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

### (က) ရာသီဥတုဆိုင်ရာ အချက်အလက်များ

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်သည် ကုန်းမြင့်အပူလျော့ပိုင်း ရာသီဥတုရှိပြီး၊ ပျမ်းမျှနှစ်စဉ် မိုးရေချိန်မှာ (၁၂၃၁) မီလီမီတာဖြစ်ပြီး မိုးရွာသွန်းကာလများမှာ မေလမှ အောက်တိုဘာလအထိ ဖြစ်ပါသည်။ ၁၉၈၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ရရှိထားသော နှစ်(၃၀) မှတ်တမ်းများအရ (၂၀၀၂) ခုနှစ်သည် အစိုစွတ်ဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး မိုးရေချိန်လက်မ (၁၅၀၇) မီလီမီတာ ရရှိခဲ့ပါသည်။ မိုးရေချိန် အနည်းဆုံးရရှိခဲ့သည့်ခုနှစ်မှာ (၁၉၉၈) ခုနှစ်ဖြစ်ပြီး မိုးရေချိန် (၉၅၀)မီလီမီတာခန့် ဖြစ်ပါသည်။ နှစ်အလိုက်မှတ်တမ်းများအရ (၂၀၁၆) ခုနှစ်တွင် အမြင့်ဆုံး ပျမ်းမျှနေ့အပူချိန် (၃၆. ၂) ဒီဂရီစင်တီဂရိတ်ထိ ရှိခဲ့ပြီး (၁၉၈၁)ခုနှစ်သည် အနိမ့်ဆုံး ပျမ်းမျှနေ့အပူချိန်ရရှိခဲ့သော နှစ်ဖြစ်ခဲ့ပြီး အပူချိန်သည် (၃၀. ၄၁) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ နှစ်(၃၀)ကောက်ယူထားသော အချက်အလက်များအပေါ် သုံးသပ်ချက်အရ နှစ်စဉ်ပျမ်းမျှ အပူချိန်မြင့်မားမှုနှုန်းသည် တဖြည်းဖြည်း ကျဆင်းလာသည်ကိုတွေ့ရပြီး ဆိုလိုသည်မှာ နေ့အပူချိန်မြင့်သည့် နေ့ရက်များတွေ့ရမှု ကျဆင်းလာနိုင်သည်ဟု သုံးသပ်ထားပါသည်။

(အရင်းအမြစ် – Climate Profile Myanmar - Climate Variabilities, Extermes and Trends in Centeral Dry, Costal and Hilly Zones, RIMES & UN-Habitat, 2016)

**ဇယား (၂) ကျိုင်းတုံမြို့နယ်၏ နှစ်အလိုက် မိုးရေချိန်နှင့် အပူချိန်**

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | လက်မ | အမြင့်ဆုံး | အနိမ့်ဆုံး |
| ၁ | ၂၀၁၃ | ၁၀၇ | ၆၄.၈၀ | ၂၉.၄ | ၁၇.၈ |
| ၂ | ၂၀၁၄ | ၉၁ | ၄၈.၀၃ | ၃၀.၁ | ၁၇.၄ |
| ၃ | ၂၀၁၅ | ၉၈ | ၄၉.၉၇ | ၃၃.၉ | ၁၀.၈ |
| ၄ | ၂၀၁၆ | ၉၃ | ၇၁.၁၃ | ၃၆.၂ | ၉.၄ |
| ၅ | ၂၀၁၇ မတ်လထိ | ၅ | ၂.၈၇ | ၃၅.၁ | ၈.၀ |

(အရင်းအမြစ် – မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

### (ခ) သဘာဝပေါက်ပင်များ

ကျိုင်းတုံမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ သစ်မာအုပ်စု (၂၊၃၊၄) နှင့် အပင်များမှာ သစ်ယား၊ သစ်ချ၊ သစ်အယ်၊ ပျဉ်းမ၊ တောင်တမာ စသည့်အပင်များနှင့် တင်းဝါး၊ ဝါးပိုးနှင့် ဝါးများ အသင့်အတင့် ပေါက်ရောက်ပါသည်။

### (ဂ) တောရိုင်းတိရစ္ဆာန်များ

ကျိုင်းတုံမြို့နယ်တွင် တွေ့ရှိရသော တောရိုင်းတိရစ္ဆာန်များမှာ တောဝက်၊ ဂျီ၊ တောကြောင်စသည့် တိရစ္ဆာန်များ အများဆုံး တွေ့ရှိရပါသည်။

### (ဃ) သဘာဝပတ်ဝန်းကျင် လက်ရှိအခြေအနေ

ကျိုင်းတုံမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင် လက်ရှိအခြေအနေမှာ တော၊ တောင်၊ ချောင်းများ စီးဆင်းမှု အသင့်အတင့် ကောင်းမွန်လျက်ရှိပါသည်။ သစ်တောပြုန်းတီးမှုအနေဖြင့် ဒေသခံပြည်သူများ၏ လူနေမှု၊ စီးပွားရေးအရ လယ်ယာများနှင့် တောင်ယာများခုတ်ထွင်မှုကြောင့် ဆုံးရှုံးနိုင်ပါသည်။

### (င) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ

ကျိုင်းတုံမြို့နယ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ကြိုးဝိုင်းတော (၅၃၀၁၀၉) ဧက၊ ကြိုးပြင်တော (၂၅၁၀၂၀၃) ဧကနှင့် လွယ်မွေသဘာဝထိန်းသိမ်းရေး (၁၀၂၁၈)ဧက ထိန်းသိမ်းလျက်ရှိပါသည်။

## ၂-၄။ လူဦးရေဆိုင်ရာ အချက်အလက်များ

### (က) နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများ

ကျိုင်းတုံမြို့နယ်တွင် ရှမ်းလူမျိုး အများဆုံးနေထိုင်ကြပြီး နေထိုင်မှုရာခိုင်နှုန်းမှာ မြို့နယ်လူဦးရေ၏ ၄၁. ၇၅ ရာခိုင်နှုန်းရှိပြီး ဒုတိယအများဆုံးနေထိုင်သည့် မျိုးနွယ်စုမှာ လားဟူလူမျိုးများဖြစ်ကြပြီး ရာခိုင်နှုန်း ၂၄. ၃ ခန့်ရှိပါသည်။

### (ခ) အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

ကျိုင်းတုံမြို့နယ်၏ ၂၀၁၇ခုနှစ်၊ မတ်လကုန်အထိ လူဦးရေ (၁၆၉၇၃၀) ဦး၊ အိမ်ထောင်စု ပေါင်း (၂၆၈၈၉) စုရှိပြီး၊ အိမ်ခြေပေါင်း (၂၆၃၀၉) မှီတင်းနေထိုင်ပါသည်။ နိုင်ငံခြားသားများနေထိုင်မှု ကောက်ယူထားသည့် စစ်တမ်းအရ အများဆုံးနေထိုင်သည့်လူမျိုးမှာ တရုတ်လူမျိုးများဖြစ်ပြီး မြို့နယ်လူဦးရေ ရာခိုင်နှုန်း၏ (၁. ၅၃၈) ရာခိုင်နှုန်းခန့်ရှိပါသည်။ အုပ်ချုပ်ရေး နယ်မြေဖွဲ့စည်းမှုအရ မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်၊ ကျေးရွာအုပ်စု (၃၁) အုပ်စုနှင့် ကျေးရွာပေါင်း (၆၄၁) ရွာဖြင့် ဖွဲ့စည်းထားပါသည်။ (၂၀၁၇)ခုနှစ် လူဦးရေ တိုးနှုန်းမှာ (၁. ၃၄) ရာခိုင်နှုန်းရှိပြီး၊ ကျား/မ အချိုးမှာ (၁း၁. ၀၃) ဖြစ်ပါသည်။

### (ဂ) ကိုးကွယ်သည့်ဘာသာ

ကျိုင်းတုံမြို့နယ်တွင် နေထိုင်ကြသူအများစုသည် ဗုဒ္ဓဘာသာကိုးကွယ်သူများ ဖြစ်ကြပြီး ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာကိုးကွယ်သူ အနည်းငယ်လည်း ရှိပါသည်။

## ၂-၅။ စီးပွားရေးဆိုင်ရာအချက်အလက်များ

### (က) စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက်

ကျိုင်းတုံမြို့နယ်သည် ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်အတွင်း တည်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးအသင့်အတင့်ကောင်းမွန်သော မြို့နယ်တစ်ခု ဖြစ်ပါသည်။ ကျိုင်းတုံမြို့နယ်သည် ကုန်းလမ်း၊ လေကြောင်းလမ်းများဆိုရာ လမ်းမပေါ်တွင်တည်ရှိ၍ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်မှာ ဆန်စပါးဖြစ်ပြီး မိုင်းလားဒေသသို့ အများဆုံး တင်ပို့ရောင်းချပါသည်။ ကျိုင်းတုံမြို့နယ်တွင် စက်မှုဇုန်လုပ်ငန်းများနှင့် မွေးမြူရေးဇုန်များ မရှိပါ။

### (ခ) မြေအသုံးချမှု

ကျိုင်းတုံမြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချထားသည့် ဧကများမှာ အသားတင်စိုက်ပျိုးမြေဧရိယာနှင့် အခြားစိုက်ပျိုးမရနိုင်သော ဧရိယာအပါအဝင် စုစုပေါင်း (၉၃၄၉၇၇) ဧက ရှိပါသည်။

### (ဂ) သစ်တောလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ကျိုင်းတုံမြို့နယ်၏ သစ်တောလုပ်ငန်းနှင့် ပတ်သက်သောအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်- သစ်တောကြိုးဝိုင်းဧရိယာ(ဧက) မှာ (၃၃၈၇၇)၊ သစ်တောကြိုးပြင်ဧရိယာ(ဧက)မှာ (၄၈၆၀၁၄)နှင့် လွယ်မွေသဘာဝထိန်းသိမ်းရေးနယ်မြေ ဧရိယာ(ဧက) (၁၀၂၁၈) ထိန်းသိမ်းထားပါသည်။ စီးပွားဖြစ်အနေနှင့် စိုက်ပျိုးထားသော သစ်တောစိုက်ခင်းဧရိယာများ မရှိပါ။

## ၂-၆။ ပညာရေးကဏ္ဍ

ကျိုင်းတုံမြို့နယ်သည် ပညာရေးကောင်းမွန်သော မြို့နယ်ဖြစ်ပြီး ကိန်းဂဏာန်းများအရ အခြေခံပညာအဆင့် အထက (၈) ကျောင်းရှိပြီး အထက-ခွဲ(၄)ကျောင်းနှင့် အလကကျောင်းပေါင်း (၁၁)ကျောင်း ရှိပါသည်။ ထို့အပြင် အဆင့်မြင့်ပညာရေးအနေဖြင့် ကျိုင်းတုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ ဖွင့်လှစ်ထားရှိပါသည်။ ကျိုင်းတုံမြို့နယ်၏ စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၉၂.၇၄ ဖြစ်ပါသည်။

## ၂-၇။ ကျန်းမာရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍ

ကျိုင်းတုံမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အစိုးရပိုင် တပ်မတော်စစ်ဆေးရုံ၊ ကျိုင်းတုံမြို့ပြည်သူ့ဆေးရုံကြီးနှင့် လွယ်မွေတိုက်နယ်ဆေးရုံများ တည်ရှိပါသည်။ ထို့အပြင် တိုက်နယ်ဆေးရုံ(၂)ရုံနှင့် ပုဂ္ဂလိကဆေးပေးခန်းများ၊ ကျေးလက်ကျန်းမာရေး ဌာနခွဲများလည်းဖွင့်လှစ်ထားရှိပါသည်။ ကျိုင်းတုံမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့တစ်မြို့လည်းဖြစ်ပြီး လေကြောင်းဆက်သွယ်ရေးအတွက် ကျိုင်းတုံလေဆိပ်နှင့် ယန်းလောမှမိုင်းဇင်းသို့ သွားလာနိုင်သည့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းလည်းရှိပါသည်။ ရေကြောင်းလမ်းမရှိသော်လည်း မြို့အများစုသို့ သွားလာနိုင်သည့် ကားလမ်းပို့ဆောင်ရေးများ ရှိပါသည်။

# အခန်း [ ၃ ]

# အန္တရာယ်များနှင့် အန္တရာယ်ကျရောက်လွယ်မှု ဖော်ပြခြင်း

## ၃-၁။ သဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်ချက် (Hazard Assessment)

ကျိုင်းတုံမြို့နယ်သည် ဘေးပတ်လည်တွင် တောင်ကုန်း၊တောင်တန်းများ ဝန်းရံနေခြင်း၊ တစ်ခါတစ်ရံ မိုးရေချိန် လက်မ(၇၀)နှင့်အထက် ရွာသွန်းမှုများကြောင့် မိုးကြီး၊ မြေပြိုခြင်း၊ ဒေသခံပြည်သူများ၏ ပေါ့ဆမှုများ၊ တောမီးများကြောင့် မီးဘေး မကြာခဏဖြစ်ပွားသည့် မြို့နယ်ဖြစ်ပါသည်။ မြို့နယ်တွင်း အချို့သောဒေသများသည် ခရီးသွားလာရန် ခက်ခဲခြင်းတို့ကြောင့် ဘေးအမျိုးမျိုးတို့ ကျရောက်ပါက ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပါသည်။

ကျိုင်းတုံမြို့နယ်သည် တောင်ကျရေအန္တရာယ်ရှိခြင်း၊ တောင်တန်းဒေသဖြစ်ခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်း စသည့်အချက်တို့ကြောင့် မီးဘေး၊ တောင်ကျရေဘေး၊ လေပြင်းဘေး၊ မိုးကြိုးဘေး၊ မိုးသီးကြွေဘေး စသည့် ဘေးများဖြစ်နိုင်ချေအများဆုံး ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ပံ့ပိုးမှုဖြင့်ရရှိလာသော ဘေးဖြစ်စဉ်သမိုင်းများနှင့် ကျိုင်းတုံမြို့နယ်တွင်း ကျရောက်နိုင်သောဘေးအန္တရာယ်များကို အောက်တွင် ဖော်ထုတ်ထားပါသည်။

ဖြစ်ပွားမှု အများဆုံးဘေးအန္တရာယ် အစဉ်လိုက်မှာ -

(၁) မီးဘေး

(၂) တောင်ကျရေဘေး

(၃) လေပြင်းဘေး

(၄) မိုးကြိုးဘေး

(၅) မိုးသီးကြွေဘေး

### ၃-၁-၁။ မီးဘေး

#### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

မီးလောင်ခြင်းဆိုသည်မှာ အပူ၊ လောင်စာနှင့် အောက်ဆီဂျင်တို့ ဓာတ်ပြုခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မီးလောင်မှုဖြစ်စေသော အကြောင်းရင်းမှာ နေအိမ်များတွင်ဖြစ်ပေါ်သော မတော်တဆမှုများ (လျှပ်စစ်ပစ္စည်းများ ခံနိုင်ရည်ဝန်အားထက် ပိုမိုအသုံးပြုခြင်း၊ လောင်စာဆီမှ မီးလောင်ခြင်း၊ ဆေးလိပ်မီးကို မဆင်မခြင် စွန့်ပစ်ခြင်း၊ သောက်ခြင်း၊ အပူပေးသောပစ္စည်းများကို မဆင်မခြင်ပေါ့ဆစွာ အသုံးပြုခြင်း၊ ခေတ်မီလျှပ်စစ်ပစ္စည်းများကို အသုံးပြုမှုနည်းပါးခြင်းနှင့်

သတိမေ့လျော့ခြင်း၊ မီးဖိုမီးသုံးရာတွင် ပေါ့ဆခြင်း၊ မီးလောင်လွယ်သော အိမ်ဆောက်ပစ္စည်းများကို အသုံးပြုခြင်း၊ မီးလောင်လွယ်သော အမှိုက်များကို စည်းကမ်းမဲ့စုပုံထားမှု)နှင့် (လူတို့ကြောင့် လောင်ကျွမ်းခြင်းနှင့် သဘာဝအလျောက် လောင်ကျွမ်းခြင်း)၊ အဖျက်အမှောက်သဘောဖြင့် လောင်စေသော ရှို့မီးတို့ ဖြစ်ပါသည်။

ကျိုင်းတုံမြို့နယ်ရှိ မီးဘေးစိုးရိမ်ရသော ရပ်ကွက်များမှာ အမှတ်(၁)ရပ်ကွက်ရှိ အလုပ်သမားရွာ၊ အမှတ်(၃) ရပ်ကွက်နှင့် အမှတ်(၅)ရပ်ကွက်တို့ ဖြစ်ပါသည်။ ကျိုင်းတုံမြို့နယ်အနေဖြင့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း စုဆောင်းရရှိထားသော (၁၀)နှစ်တာ မီးလောင်မှု အချက်အလက်များအရ တောမီးမှာ အများဆုံးဖြစ်၍ ဒုတိယအများဆုံးမှ လျှပ်စစ်မီးနှင့် မီးဖိုမီးများ ဖြစ်ပါသည်။

**ဇယား (၃) ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော မီးဘေးများနှင့် ထိခိုက်ဆုံးရှုံးမှုများ**

| စဉ် | ဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ခုနှစ် | ဖြစ်ပွားခဲ့သည့် အကြိမ်အရေအတွက် | ပျက်စီးဆုံးရှုံးမှုတန်ဖိုး |
|---|---|---|---|
| ၁။ | ၂၀၀၇ | (၁) ကြိမ် | (၃၀၀၀၀၀) ခန့် |
| ၂။ | ၂၀၀၈ | (၂) ကြိမ် | (၃၈၀၀၀၀) ခန့် |
| ၃။ | ၂၀၀၉ | (၁) ကြိမ် | (၇၅၀၀၀) ခန့် |
| ၄။ | ၂၀၁၀ | (၄) ကြိမ် | (၉၅၀၀၀၀) ခန့် |
| ၅။ | ၂၀၁၁ | (၂) ကြိမ် | (၁၁၅၃၀၀၀၀) ခန့် |
| ၆။ | ၂၀၁၂ | (၉) ကြိမ် | (၄၁၇၈၀၀၀) ခန့် |
| ၇။ | ၂၀၁၃ | (၁၄) ကြိမ် | (၁၅၆၈၂၀၀) ခန့် |
| ၈။ | ၂၀၁၄ | (၉) ကြိမ် | (၁၁၃၉၂၅၀၀) ခန့် |
| ၉။ | ၂၀၁၅ | (၁၀) ကြိမ် | (၂၉၀၁၀၀၀) ခန့် |
| ၁၀။ | ၂၀၁၆ | (၃၀) ကြိမ် | (၆၈၇၄၀၀၀) ခန့် |

## (ခ) သက်ရောက်နိုင်သော ဆိုးကျိုးများ

မီးဘေးကြောင့် လူ(မီးလောင်နေသော အဆောက်အအုံတွင်ပိတ်မိသော)များနှင့် တိရစ္ဆာန်များ၏ အသက်များဆုံးရှုံးခြင်း၊ လူနေအိမ်ခြေများ၊ လုပ်ငန်းခွင်နေရာများ၊ အိမ်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ပျက်စီးဆုံးရှုံးခြင်း၊ မီးလောင်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း။ သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခံရခြင်းတို့ ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် တောမီးလောင်မှုကြောင့် သစ်တောနှင့်မြေဆီလွှာများ ဆုံးရှုံးရခြင်း၊ ရေဝေရေလဲဧရိယာများ ခန်းခြောက်ခြင်း၊ သဘာဝတောရိုင်းသတ္တဝါတို့ အန္တရာယ်ကြုံတွေ့ရခြင်း၊ စားကျက်မြေများပျက်စီးခြင်းစသော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ကျေးရွာအုပ်စုအလိုက် ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံတွင် မီးဘေးအန္တရာယ်ကျရောက်နိုင်မှု အခြေအနေကို ဖော်ပြထားပါသည်။

ပုံ (၂) ကျေးရွာအုပ်စုအလိုက် မီးဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ



## ၃-၁-၂။ ရေကြီးခြင်းနှင့် တောင်ကျရေဘေး

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

မည်သည့်အချိန်တွင်မဆို ရေစုစုပေါင်းပမာဏသည် မြစ်ချောင်း၏ ရေစီးနိုင်စွမ်းထက် ကျော်လွန်များပြားပါက ရေလွှမ်းမိုးမှု ဖြစ်ပွားပါသည်။ ကျိုင်းတုံမြို့နယ်သည် မိုးများခြင်း၊ တောင်တန်းဒေသဖြစ်ခြင်းတို့ကြောင့် မြေနိမ့်ပိုင်းများတွင် ရေကြီးခြင်းဘေးကို ခံစားကြရသည်။ အထူးသဖြင့် နမ့်လပ်ချောင်းနှင့် ကျိုင်းဖေါင်းချောင်းများ ဘေးနားရှိ လယ်မြေများ၊ သီးနှံစိုက်ခင်းများ ရေလွှမ်းမိုးမှု မကြာခဏ ကြုံတွေ့ရပါသည်။ မိုးသည်းထန်စွာရွာသွန်းပါက မြေပြင်တွင် စီးဆင်းသွားသောရေနှင့် အောက်ခံမြေတွင် ရေပြည့်ဝမှုတို့ကြောင့် မြေသားနှင့် ကျောက်တုံးကျောက်ခဲများ ပြိုကျကာ မြစ်ချောင်းများကို ပိတ်ဆို့စေပြီး ရေလွှမ်းမိုးမှုများ ဖြစ်နိုင်ပါသည်။

**ဇယား (၄) ကျိုင်းတုံမြို့နယ်တွင် တောင်ကျရေကြောင့် ဖြစ်ပွားခဲ့သော ရေကြီးမှုများနှင့် ထိခိုက်ဆုံးရှုံးမှုများ**

| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ၁၉၇၂ | (၁) | အိမ်ခြေ (၂၀) နီးပါး ပျက်စီး | ကတ်ထိုက်အုပ်စု |
| ၂။ | ၁၉၇၄ | - | လယ်ကေ(၅၀၀)ကျော်နီးပါး ပျက်စီး | မိုင်းပတ်အောက်အုပ်စု |
| ၃။ | ၂၀၁၄ | (၁) | အိမ်ခြေ (၁၆) နီးပါး ပျက်စီး၊ ကျွဲ၊နွား၊ တိရစ္ဆာန်များ သေဆုံးခဲ့ရ | ကတ်ထိုက်အုပ်စု |
| ၄။ | ၂၀၁၆ | - | လယ်ကေ (၆၀)ကျော်နီးပါး ပျက်စီး | နမ့်ခတ်အုပ်စု |

### (ခ) သက်ရောက်နိုင်သော ဆိုးကျိုးများ

ရေကြီးခြင်းကြောင့် အထူးသဖြင့် မြေနိမ့်ပိုင်းများနှင့် ချောင်း၊ ကမ်းနံဘေးရှိနေရာများတွင် ထိခိုက်ဆုံးရှုံးမှုများ အများဆုံး ဖြစ်ပေါ်စေနိုင်ပါသည်။ လယ်ယာမြေများ၊ စားနပ်ရိက္ခာ၊ အသုံးအဆောင်များ၊ ရေနစ်ပျက်စီးခြင်းများ၊ လူနှင့် ကျွဲ၊ နွားတိရိစ္ဆာန်များ ရေနစ်သေဆုံးခြင်းများ၊ အအေးမိရောဂါ၊ စိုက်ပျိုးသီးနှံများ ပျက်စီးမှုများနှင့် နောက်ဆက်တွဲ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပေါ်နိုင်ပါသည်။

မြို့နယ်တွင်း တောင်ကျရေဘေး ကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင် ဖော်ပြထားသည်။

## ပုံ (၃) ကျေးရွာအုပ်စုအလိုက် တောင်ကျရေဘေး အန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ



### ၃-၁-၃။ လေပြင်းဘေး

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

ကျိုင်းတုံမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျှမ်းမျှအမြင့် (၂၇၁၀)ပေအထက်တွင် တည်ရှိသော်လည်း မြို့မြေမျက်နှာပြင် တည်ရှိပုံအရ မြို့နယ်၏ တောင်ဘက်ခြမ်းသည် မြင့်မားပြီး မြောက်ဘက်ခြမ်းသို့ တဖြည်းဖြည်း နိမ့်ဆင်းသွားပါသည်။ မုတ်သုန်အဝင် မုန်တိုင်းကာလများတွင် မိုးရွာသွန်းမှုများခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများနှင့် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး နောက်ဆက်တွဲ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိပါသည်။

အထူးသဖြင့် မိုးရွာသွန်းပြီးနောက် လေပြင်းများနှင့် မုန်တိုင်းတိုက်ခတ်လေ့ရှိပြီး လေဘေးမကျရောက်မီ ကြိုတင်ခန့်မှန်းနိုင်သော ထူးခြားဝိသေသများမှာ ထင်ရှားခြင်း မရှိပေ။ ထို့အပြင် ဘေးအန္တရာယ်သမိုင်းကြောင်း ဖော်ထုတ်မှုများအရ ဘေးကျရောက်ခဲ့မှု နည်းပါးသောကြောင့် မြို့ရွာနေလူထု အများစုသည် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်မှုများ အားနည်းသည်ကို တွေ့ရှိရပါသည်။

**ဇယား (၅) ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှုများနှင့် ထိခိုက်ဆုံးရှုံးမှုများ**

| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ၂၀၁၅ | (၁) | - | လွယ်လုံအုပ်စု၊ တုံစီရွာ |
| ၂။ | ၂၀၁၆ | - | အိမ်ခြေ (၂)လုံး ပျက်စီးခဲ့ | နမ့်အင်းအုပ်စု |
| ၃။ | ၂၀၁၆ | - | အိမ်ခြေ (၅၀) နီးပါး ပျက်စီး၊ ကျောင်းဆောင်(၁)ဆောင်ခေါင်မိုးလန် | ရပ်ကွက် (၂) |
| ၄။ | ၂၀၁၆၊ မေလ | - | အိမ်(၂)လုံး ပြိုကျပျက်စီးခဲ့ | တော်အန်းအုပ်စု |

### (ခ) သက်ရောက်နိုင်သော ဆိုးကျိုးများ

လေဘေးကြောင့် အဆောက်အဦများ၊ မော်တော်ယာဉ်များ၊ တံတားများ၊ လူနေအိမ်ခြေ အဆောက်အဦများ ပျက်စီးခြင်း၊ အိမ်အမိုးများလန်ခြင်း၊ သစ်ပင်များ ပြိုလဲခြင်းနှင့် အခြားသောထိခိုက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ ကျိုင်းတုံမြို့နယ်တွင်လေဘေးကြောင့် အိမ်မြေများနှင့် စာသင်ကျောင်း ခေါင်မိုးလန်ခြင်းများကဲ့သို့သော ထိခိုက်မှုများ ကြုံတွေ့ခဲ့ရပြီး အဆိုးရွားဆုံးထိခိုက်ဆုံးရှုံးမှုမှာ ၂၀၁၅ ခုနှစ်တွင် လေပြင်းထန်စွာ တိုက်ခတ်မှုကြောင့် လွယ်လုံအုပ်စုတွင် လူ(၁)ဦး သေဆုံးခဲ့ပါသည်။ မြို့နယ်တွင်း လေဘေးကျရောက်ခဲ့သော အချက်အလက်များအရ လေဘေးကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင် ဖော်ပြထားပါသည်။

ပုံ (၄) ကျေးရွာအုပ်စုအလိုက် လေပြင်းအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ



### ၃-၁-၄။ မိုးကြိုးဘေး

#### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

မိုးကြိုးပစ်ခြင်းဆိုသည်မှာ တိမ်တစ်ခုမှ တစ်ခုအကြားတွင်လည်းကောင်း၊ တိမ်တိုက်တစ်ခု အတွင်းမှာသော်လည်းကောင်း၊ တိမ်တိုက်နှင့် မြေပြင်ကြားမှာသော်လည်းကောင်း၊ လျှပ်စစ်ဓာတ်ကူးခြင်းကို ခေါ်ပါသည်။ မိုးကြိုးဖြစ်ပေါ်နိုင်သော အချိန်ကာလမှာ မိုးကြိုကာလဖြစ်သော (ဧပြီလ၊ မေလ)နှင့် မိုးနှောင်းကာလဖြစ်သော (အောက်တိုဘာလနှင့် နိုဝင်ဘာလ)များတွင် ဖြစ်ပွားနိုင်ပါသည်။ သတိပြုရန်မှာ မိမိနေထိုင်ရာ အနီးတစ်ဝိုက်တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီးနောက် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်ပါက မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိနိုင်သည်။

မိုးကြိုးဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ခြေများသော ကာလများတွင် ကြိုတင်ကာကွယ်ရေးအနေဖြင့် သစ်ပင်၊ ဓာတ်တိုင်အနီးတွင်နေခြင်းနှင့် သံ/သတ္တုပစ္စည်းများကို ကိုင်ထားခြင်း၊ ၎င်းတို့၏အနီးတွင် နေထိုင်ခြင်းများကို ရှောင်ရှားသင့်သည်။ ပင်လယ်၊ မြစ်ချောင်းနှင့် အင်းအိုင်တို့တွင်ရောက်ရှိပါက အမြန်ဆုံး ကမ်းပေါ်သို့တက်၍ အိမ်၊ သို့မဟုတ် လုံခြုံသော အမိုးအကာအောက်တွင် နေသင့်ပါသည်။ အမြင့်တွင် မနေသင့်ပါ။ ထို့အပြင် အိမ်အတွင်းတွင်ရှိနေပါက လျှပ်စစ်ပစ္စည်းများကို အသုံးမပြုဘဲ ပလပ်များဖြုတ်ထားခြင်း၊ လျှပ်စီးနိုင်သော ရေပိုက်နှင့် ရေဆေးခွက်များအနီးတွင် နေထိုင်ခြင်းမှ ရှောင်ရှားရပါမည်။ အဆောက်အအုံများတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားသင့်သည်။

**ဇယား (၆) ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော မိုးကြိုးဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုများ**

| စဉ် | ဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံးဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁။ | ၂၀၀၈ | (၁) | - | ကတ်တောင်အုပ်စု၊ ငမ်းကန်ရွာ |
| ၂။ | ၂၀၀၉ | (၁) | - | ကတ်တောင်အုပ်စု၊ ငမ်းကန်ရွာ |
| ၃။ | ၂၀၁၄ | - | ကျွဲ (၇)ကောင် သေဆုံးခဲ့ | မိုင်းပတ်အောက်အုပ်စု |
| ၄။ | ၂၀၁၅ | - | အိမ်(၂)လုံး ပျက်စီးခဲ့ | မိုင်းပတ်အောက်အုပ်စု |
| ၅။ | ၂၀၁၅ | - | နွား (၂၈)ကောင်သေဆုံးခဲ့ | ဝမ်တာပုံအုပ်စု |

#### (ခ) သက်ရောက်နိုင်သော ဆိုးကျိုးများ

မိုးကြိုးပစ်ခံရပါက အသက်သေဆုံးခြင်း၊ အသက်ရှင်ကျန်ခဲ့ပါကလည်း မသန်စွမ်းမှုများဖြစ်သွားနိုင်ပြီး မိုးကြိုးသင့်သော တဲအိမ်များမှ နောက်ဆက်တွဲမီးလောင်ခြင်း ဆက်လက်ဖြစ်ပေါ်နိုင်ပါသည်။ မိုးကြိုးဘေးဒဏ် ခံစားရခဲ့သည့် သမိုင်းဖြစ်စဉ်များအရ ၂၀၀၈ခုနှစ်နှင့် ၂၀၀၉ခုနှစ်များတွင် မိုးကြိုးဘေးကြောင့် ကျိုင်းတုံမြို့နယ် ကတ်တောင်အုပ်စုများတွင် လူသေဆုံးမှုများ ဖြစ်ပွားခဲ့ပြီး ကျွဲနွားတိရစ္ဆာန်များ သေဆုံးခြင်း၊ အိမ်ခြေအနည်းငယ် ပျက်စီးမှုများလည်း ဖြစ်ပွားခဲ့ပါသည်။

ကျိုင်းတုံမြို့နယ်၏ မိုးကြိုးဘေးအန္တရာယ်ကျ ရောက်နိုင်ခြေပြမြေပုံကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီမှ ဖော်ထုတ်ခဲ့ပြီး အောက်တွင်ဖော်ပြထားပါသည်။

ပုံ (၅) ကျေးရွာအုပ်စုအလိုက် မိုးကြိုးဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ



## ၃-၁-၅။ မိုးသီးကြွေဘေး

### (က) အကြောင်းအရင်းနှင့် သဘောသဘာဝ

လေထုမတည်ငြိမ်မှုအားကောင်းပြီး အရွယ်အစားကြီးမားသည့် မိုးတိမ်တောင်များအထက်ပိုင်းတွင် သေးငယ်သော ရေစက်လေးများစုစည်းရာမှ မိုးသီးများ ဖြစ်ပေါ်လာပါသည်။ ထိုမိုးရေစက်လေးများ ရေခဲအဖြစ်သို့ရောက်သည့်တိုင်အောင် တဖြည်းဖြည်းနှင့် အထက်သို့တက်သွားပါသည်။ ထိုမှတစ်ဆင့် အလေးချိန်များလာသောအခါ မြေပြင်သို့ မိုးသီးကြွေချခြင်းဖြစ်စဉ် ဖြစ်ပေါ်လာပါသည်။

မိုးသီးကြွေကျခြင်းဆိုသည်မှ မိုးလေဝသဖြစ်စဉ်ကို မြန်မာနိုင်ငံတွင် အထူးသဖြင့် မတ်၊ ဧပြီ၊ မေကဲ့သို့သော မုတ်သုန်မဝင်ခင် ကာလများတွင် လေထုအပြောင်းအလဲ၊ ဆောင်းရာသီနှင့် နွေရာသီ အပြောင်းအလဲ လေထုမတည်ငြိမ်သည့်ကာလများတွင် အများဆုံးတွေ့ရပါသည်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများတွင် အဖြစ်များလေ့ ရှိပါသည်။

**ဇယား (၇) ကျိုင်းတုံမြို့နယ်တွင် ဖြစ်ပွားခဲ့သော မိုးသီးကြွေကျခြင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများ**

| စဉ် | ဘေးအန္တရာယ် ဖြစ်ပွားခဲ့သည့်ခုနှစ် | လူသေဆုံး ဒဏ်ရာရမှု | ပျက်စီးဆုံးရှုံးမှု | ဘေးကျရောက်ခဲ့သည့် ရပ်ကွက်/ကျေးရွာ |
|---|---|---|---|---|
| ၁ | ၂၀၁၃ | - | အိမ်ခြေ (၁၀၀၀) ခန့် ပျက်စီးခဲ့ | ကတ်တောင်၊လွယ်လုံ၊ ယန်းခ လွိုင်မွေ၊ ကတ်ထိုက် ကျေးရွာအုပ်စုများ |
| ၂ | ၂၀၁၇၊ မတ်လ | - | အိမ်(၁)လုံး၊ မက်မန်း (၇)ကေခန့် ပျက်စီးခဲ့ | ယန်းခအုပ်စု |

### (ခ) သက်ရောက်နိုင်သော ဆိုးကျိုးများ

မိုးသီးကြွေကျပါက အဆောက်အဦများ၊ စိုက်ပျိုးရေးယာများ၊ မော်တော်ယာဉ်များ၊ လေယာဉ်များ ထိခိုက်ပျက်စီးမှုနှင့် ပြင်းထန်ပါက တိရစ္ဆာန်သေဆုံးမှုများ အထိဖြစ်စေနိုင်ပါသည်။ မိုးသီးအရွယ်အစား အချင်း (၀.၅)လက်မထက်ကျော်လွန်ပါက စက္ကန့်ပိုင်းအတွင်း လေယာဉ်ကိုယ်ထည်များ ပြင်းထန်စွာ ထိခိုက်ပျက်စီးနိုင်ပါသည်။ ထို့အပြင် မြေပြင်တွင် မိုးသီးအများအပြား ကြွေကျပါကလည်း လေယာဉ်ဆင်းသက်ရာတွင် အခက်အခဲ ဖြစ်စေနိုင်ပါသည်။ မိုးသီးကြွေကျခြင်းကြောင့် ထိခိုက်မှုများသော သီးနှံများမှာ ဂျုံ၊ ပြောင်း၊ ပဲပုပ်နှင့် ဆေးရွက်ကြီးပင်များ ဖြစ်ပါသည်။

ပုံ (၆) ကျေးရွာအုပ်စုအလိုက် မိုးသီးကြွေဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ

MIMU

Myanmar Information Management Unit

## Hailstone Risk Map of Kengtung Township

Canada




Map ID: MIMU1475v01
Creation Date: 20 July 2017, A4
Projection/Datum: Geographic/WGS84

Data Sources: UN Habitat
Base Map: MIMU
Boundaries: WFP/MIMU
Place names: Ministry of Home Affairs (GAD) translated by MIMU

**Legend**

- Main Town
- Other Town
- Major Road
- Village Tract Boundary
- Township Boundary
- State/Region Boundary

**Hazard Level of Hailstone**

- Low
- Middle

info.mimu@undp.org
www.themimu.info

Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution.

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၃-၂။ အန္တရာယ် ကျရောက်လွယ်မှုလေ့လာဆန်းစစ်ချက် (Vulnerability Assessment)

၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ (၁၀) နှစ်တာပြုစုထားသော အချက်အလက်များအရ ကျိုင်းတုံမြို့တွင် အများဆုံး ဖြစ်ပွားခဲ့သော မီးဘေးမှာ တောမီးဖြစ်ပြီး ကျေးရွာနေဒေသခံများ၏ ပေါ့ဆမှုနှင့် ဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာ နည်းပါးမှုများကြောင့် ဖြစ်ပါသည်။ ထို့အပြင် ဒေသခံပြည်သူများ၏ လူနေမှု၊ စီးပွားရေးအရ တောင်ယာခုတ်ထွင်မှုများကြောင့် သစ်တောများ နည်းပါးလာပြီး ဘေးကျရောက်လာပါက ထိခိုက်ဆုံးရှုံးနိုင်ခြေများနိုင်ပါသည်။ ထို့ကြောင့် ဘေးအန္တရာယ်ကျရောက်မှု လေ့လာဆန်းစစ်ချက် (Vulnerability Assessment)လုပ်ဆောင်ရာတွင် ကျရောက်နိုင်သည့် ဘေးအန္တရာယ်အမျိုးမျိုး အတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ကျရောက်လွယ်မှုများကို အခြေခံ၍ လေ့လာသုံးသပ်ထားပါသည်။

### ၃-၂-၁။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု

ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အချက်အလက်များတွင် မြို့နယ်၏ လမ်းပန်းဆက်သွယ်ရေးနှင့် နေထိုင်ရာအဆောက် အဦ အမျိုးအစားများ ပါဝင်ပါသည်။

တောင်ပေါ်ဒေသရှိ ကျေးရွာအချို့သည် ကားလမ်းမပေါက်သေးသောကြောင့် ဘေးကျရောက်ပါက သွားလာရေး ခက်ခဲနိုင်ပါသည်။ ကျိုင်းတုံမြို့နယ်အတွင်းရှိ လူနေအိမ်များ၏ (၅၀)ရာခိုင်နှုန်းခန့်မှာ သစ်သားအိမ်များ ဖြစ်ကြပြီး သဘာဝဘေးဒဏ် မခံနိုင်သော အဆောက်အဦအမျိုးအစားများထဲတွင် ပါဝင်ပါသည်။ ထို့ကြောင့် လေပြင်းဘေးနှင့် မီးဘေးကဲ့သို့သော ဘေးအန္တရာယ်များကျရောက်ပါက ထိခိုက်လွယ်မှုများနိုင်ပါသည်။ မြို့ပေါ်ရပ်ကွက်များတွင် အုတ်အိမ်နှင့်အိမ်ကြီးများဖြင့်နေထိုင်သူ ရာခိုင်နှုန်းအသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ ထို့အပြင် အိမ်ခြေအချို့သည် တောင်စောင်းများတွင် မြေညှိနေထိုင်ကြသောကြောင့် မြေပြိုခြင်းဘေးကျရောက်ပါက ထိခိုက်ဆုံးရှုံးနိုင်ခြေများနိုင်ပါသည်။

### ၃-၂-၂။ လူမှုစီးပွားရေးဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု

ကျိုင်းတုံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အဓိကလုပ်ကိုင်ဆောင်ရွက်ကြပြီး အဓိကထွက်ကုန်မှာ ဆန်စပါး ဖြစ်ပါသည်။ ကျိုင်းတုံမြို့နယ်ရှိ ကျေးရွာအချို့တွင် ဘာသာစကားနားလည်နိုင်မှု အခက်အခဲများ ရှိသောကြောင့် ဘေးအန္တရာယ်အတွက် ကြိုတင်သတိပေးချက်များ ဖြန့်ဝေရာတွင် အခက်အခဲ ရှိနိုင်ပါသည်။ လူမှုရေးဆိုင်ရာ အချက်အလက်များတွင် မြို့နယ်အတွင်းရှိ မိသားစုဝင်ငွေ ရရှိမှုများကို ထည့်သွင်းဖော်ပြထားပါသည်။

#### မိသားစုဝင်ငွေ

ကောက်ယူထားသော အချက်အလက်များအရ တစ်ရက်လျှင် ဥပဒေအရသတ်မှတ်ထားသော အနိမ့်ဆုံးဝင်ငွေအောက်ရရှိသော မိသားစုရာခိုင်နှုန်းမှာ (၂၅ ရာခိုင်နှုန်း) ရှိပါသည်။ ထို့ကြောင့် ကျပမ်းအလုပ်သမားများနှင့် မိသားစုဝင်ငွေနည်းပါးသူများသည် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခက်အခဲရှိနိုင်ပြီး ဘေးကျရောက်လာပါကလည်း ဆိုးကျိုးများကို ပိုမိုထိခိုက်ခံစားရနိုင်ပါသည်။

### ၃-၂-၃။ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု

ကျိုင်းတုံမြို့နယ်တွင် လယ်ယာလုပ်ငန်း အဓိကထား လုပ်ကိုင်ကြသောကြောင့် တောင်ယာခုတ်ထွင်မှုများနှင့် စိုက်ပျိုးမြေကေ ချဲ့ထွင်မှုများပြီး သစ်တောဖုံးလွှမ်းမှု ဧရိယာများလျော့ကျလာသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် လေပြင်းဘေးနှင့် တောင်ကျချောင်းရေကဲ့သို့သော ဘေးအန္တရာယ်များ ကျရောက်ပါက ကြားခံပေးနိုင်သော သစ်တောများမရှိသော

ကြောင့် ခုခံနိုင်မှု စွမ်းအားလျော့နည်းစေနိုင်ပါသည်။

## ၃-၃။ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ချက် (Resource Mapping/Capacity Assessment)

ကျိုင်းတုံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် တစ်ခုခုကျရောက်လာသည့်အခါ အချိန်မီတုံ့ပြန်ရင်ဆိုင်နိုင်ရန်၊ သဘာဝဘေးလျော့ချရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရရှိနိုင်သော ရုပ်ဝတ္ထုပစ္စည်းများနှင့် ကူညီဆောင်ရွက်ပေးနိုင်မည့် လူသားအရင်းအမြစ်များ၊ သောက်သုံးရေရရှိမှုနှင့် ပညာရေးဆိုင်ရာ အချက်အလက်များကို လေ့လာဖော်ထုတ်ထားပါသည်။

### ၃-၃-၁။ ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာနေရာများ

ကျိုင်းတုံမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အရေးပေါ်ခိုလှုံနိုင်သည့် နေရာများသတ်မှတ်ထားရန်နှင့် သွားရောက်နိုင်သည့် လမ်းကြောင်းများအား ပြည်သူများသိရှိစေရန် လိုအပ်ပါသည်။ ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၏ (၄၀ ရာခိုင်နှုန်း) ခန့်တွင် ဘေးကျရောက်ပါက ခိုင်ခံ့လုံခြုံစွာ ခိုလှုံနိုင်သည့်အဆောက်အဦများ လုံလောက်စွာ တည်ရှိပါသည်။

### ၃-၃-၂။ သတင်းလက်ခံရရှိမှု

ကျိုင်းတုံမြို့နယ်ရှိ လူဦးရေ (၉၃.၄၁) ရာခိုင်နှုန်းမှာ မိုဘိုင်းဖုန်းများ သုံးစွဲနိုင်ကြသဖြင့် ဘေးအန္တရာယ် မကျရောက်မီ ကြိုတင်သတိပေးချက်များပေးပို့ရာတွင် လွယ်ကူမှုရှိစေနိုင်ပါသည်။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှ ကောက်ယူထားသော အချက်အလက်များအရ ဘေးအန္တရာယ်ဆိုင်ရာ သတင်းလက်ခံရရှိမှု အများစုမှာ ကျေးရွာလူကြီးများနှင့် ရွာဆော်များမှ ဖြစ်ပါသည်။

### ၃-၃-၃။ လူ့စွမ်းအား အရင်းအမြစ်များ

ကျေးရွာများအထိ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ အရေးပေါ် ရွှေပြောင်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ကြက်ခြေနီလူငယ်များ၊ အရန်မီးသတ်အဖွဲ့များ၊ သာရေးနာရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ မိခင်ကလေး စောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာ ကဲ့သို့သော အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း လုပ်အားပေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တပ်မတော်သားအင်အားများကို အသုံးပြုနိုင်ပါသည်။ ကျိုင်းတုံမြို့နယ်အတွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းများစာရင်းကို နောက်ဆက်တွဲ (၃)တွင် ဖော်ပြထားပါသည်။

### ၃-၃-၄။ သောက်သုံးရေရရှိမှု

ကောက်ယူထားသော စာရင်းဇယားအချက်အလက်များအရ ကျိုင်းတုံမြို့နယ်တွင် သောက်သုံးရေရရှိမှုအတွက် ချောင်းရေတင်စနစ်နှင့် သဘာဝစိမ့်စမ်းရေထွက်များကို အဓိကအသုံးပြုကြပါသည်။ ထို့အပြင် အိမ်ခြေပေါင်း (၇၇၆၂) သို့ တစ်ရက်လျှင် ရေဂါလံပေါင်း (၈၀၀၀၀၀) ဖြန့်ဖြူးပေးနိုင်သော ရေလှောင်ကန် တစ်ကန်လည်း ရှိပါသည်။

### ၃-၃-၅။ ပညာရေးဆိုင်ရာ အချက်အလက်များ

ကျိုင်းတုံမြို့နယ်သည် ပညာရေးကောင်းမွန်သော မြို့နယ်ဖြစ်ပြီး အချက်အလက်များအရ အထက (၉)ကျောင်းရှိပြီး အထက-ခွဲ (၃)ကျောင်း ရှိပါသည်။ ထို့အပြင် အဆင့်မြင့်ပညာရေးအနေဖြင့် ကျိုင်းတုံတက္ကသိုလ်၊ နည်းပညာ

တက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များလည်း ဖွင့်လှစ်ထားပါသည်။ ကောက်ယူထားသော အချက်အလက်များအရ ကျိုင်းတုံမြို့နယ်၏ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ (၉၂.၇၄ ရာခိုင်နှုန်း) ဖြစ်သည်။ ပညာတတ်သူ လူဦးရေများသောကြောင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အထောက်အကူပြုနိုင်ပါသည်။

## ၃-၃-၆။ သွားရေးလာရေး လွယ်ကူမှု

ကျိုင်းတုံမြို့နယ်သည် အရှေ့ဘက်တွင် မိုင်းယောင်းမြို့နယ်၊ အနောက်ဘက်တွင် တုံတာမြို့နယ်ခွဲနှင့် မိုင်းပျဉ်းမြို့နယ်၊ တောင်ဘက်တွင် မိုင်းဖြတ်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်၊ မြောက်ဘက်တွင် မိုင်းခတ်မြို့နယ်နှင့် မိုင်းလားမြို့နယ်များနှင့် ထိစပ်လျက်ရှိပြီး ကုန်းလမ်း၊ လေကြောင်းလမ်းများဆုံရာ လမ်းမပေါ်တွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ လေကြောင်းလမ်းဖြင့်လည်း သွားလာနိုင်သည်။ ရေကြောင်းလမ်း မရှိသော်လည်း ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် အခြားဒေသများသို့ တိုက်ရိုက်သွားလာနိုင်သည့် ကားလမ်းများလည်းရှိပါသည်။ ရထားလမ်းအနေဖြင့် ယန်းလောမှ မိုင်းဇင်းသို့ သွားလာနိုင်သည့် (၆.၆)မိုင် အရှည်ရှိသည့် မိုးနဲ-ကျိုင်းတုံရထားလမ်းရှိပါသည်။

# အခန်း [ ၄ ]

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိမှုများ

ကျိုင်းတုံမြို့နယ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ၎င်း၏လက်အောက်တွင် လုပ်ငန်းကော်မတီ(၈)ဖွဲ့ကို ဖွဲ့စည်းထားပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတွင်းရေးမှူးသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့လုပ်ဆောင်ရန် အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ် (Focal Person) အဖြစ် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းပုံဇယား

**ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

- ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းကော်မတီ
- သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးရေး လုပ်ငန်းကော်မတီ
- အချိန်မီ ရှာဖွေကယ်ဆယ်ရေး၊စစ်တမ်းကောက်ယူရေးနှင့် နေရာချထားရေး လုပ်ငန်းကော်မတီ
- စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ
- ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ
- လုံခြုံရေး လုပ်ငန်းကော်မတီ
- ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှုများ**

ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်းပါသည်။

### ၄–၁။ ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဖွဲ့စည်းထားရှိမှု

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး (မြန်မာနိုင်ငံ ရဲတပ်ဖွဲ့) | ဒု ဥက္ကဋ္ဌ |
| (၃) | ဦးစီးအရာရှိ (လမ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဦးစီးမှူး (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | မြို့နယ်ပညာရေးမှူး (ပညာရေးဌာန) | အဖွဲ့ဝင် |
| (၆) | ဦးစီးအရာရှိ (လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ (သစ်တောဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၀) | ဦးစီးအရာရှိ (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၁) | ဦးစီးမှူး (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၂) | လက်/ညွှန် (စီမံကိန်းရေးဆွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၃) | လက်/ညွှန် (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၄) | ဒု-ဦးစီးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၅) | မြို့နယ်တပ်ဖွဲ့မှူး (မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၁၆) | ဒု-ဦးစီးမှူး (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၇) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

## ၄-၂။ ကျိုင်းတုံမြို့နယ် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု

မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလက်အောက်ရှိ လုပ်ငန်းကော်မတီ(၈)ခုကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်။

### ၁။ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဦးစီးမှူး (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး (မြန်မာနိုင်ငံ ရဲတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၃) | သတင်းမီဒီယာအဖွဲ့ | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | မြို့နယ်တပ်ဖွဲ့မှူး (မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၆) | ဒု-ဦးစီးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | ဒု-ဦးစီးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၈) | ကြီးကြပ်ရေးမှူး (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) | တွဲဖက်အတွင်းရေးမှူး |

### ၂။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | မြို့နယ်ပညာရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ (လူမှုဝန်ထမ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | မြို့နယ်ကျန်းမာရေးမှူး (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | တပ်ဖွဲ့မှူး (မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ (မီးသတ်ဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | မြို့နယ်ဥက္ကဋ္ဌ (မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း) | အဖွဲ့ဝင် |
| (၇) | မြို့နယ်ဥက္ကဋ္ဌ (အမျိုးသမီးရေးရာအဖွဲ့) | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ (သစ်တောဦးစီးဌာန) | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၀) | ဦးစီးအရာရှိ (အိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်း) | အဖွဲ့ဝင် |
| (၁၁) | ဦးစီးအရာရှိ (တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၂) | ရပ်ကျေးအုပ်ချုပ်ရေးမှူးများအားလုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၁၃) | ဒု-ဦးစီးမှူး (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၄) | ဒု-ဦးစီးမှူး (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

## ၃။ အချိန်မီ ရှာဖွေကယ်ဆယ်ရေး၊ စစ်တမ်းကောက်ယူရေးနှင့် နေရာချထားရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဦးစီးမှူး (မီးသတ်ဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | ဒု-ဦးစီးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | ဒု-ဦးစီးမှူး (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဒု-ဦးစီးမှူး (လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ (လမ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | စခန်းမှူး (မြန်မာနိုင်ငံ ရဲတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | တပ်ဖွဲ့မှူး (မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အတွင်းရေးမှူး |
| (၉) | ဒု-ဦးစီးမှူး (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

## ၄။ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | ဒု-ဦးစီးမှူး (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | ဦးစီးမှူး (လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ (စက်မှုလယ်ယာဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | လက်/ညွှန် (စီမံကိန်းရေးဆွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ(လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း) | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၉) | ဥက္ကဋ္ဌ (မော်တော်ယာဉ်လိုင်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီ) | အဖွဲ့ဝင် |
| (၁၀) | ဦးစီးမှူး (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၁) | အမှုဆောင်အရာရှိ (စည်ပင်သာယာရေးကော်မတီ) | တွဲဖက်အတွင်းရေးမှူး |

## ၅။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | မြို့နယ်ကျန်းမာရေးမှူး (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | ဒု-ဦးစီးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | မြို့နယ်တိုင်းရင်းဆေးမှူး (တိုင်းရင်းဆေးပညာ ဦးစီးဌာန) | အဖွဲ့ဝင် |
| (၄) | ဦးစီးအရာရှိ (တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ (လူမှုဝန်ထမ်းဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | ဒု-ဦးစီးမှူး (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | သက်ဆိုင်ရာ တိုက်နယ်ဆရာဝန်များ | အဖွဲ့ဝင် |
| (၈) | တပ်ခွဲမှူး (မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့) | အဖွဲ့ဝင် |
| (၉) | တာဝန်ခံ (ပုဂ္ဂလိကဆေးရုံများ) | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၀) | မြို့နယ်လက်ထောက်ဆရာဝန် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၁၁) | လက်ထောက်ကျန်းမာရေးမှူး (ပြည်သူ့ကျန်းမာရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

၆။ **လုံခြုံရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | မြို့နယ်ရဲတပ်ဖွဲ့မှူး | ဥက္ကဋ္ဌ |
| (၂) | ဦးစီးအရာရှိ (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | မြို့နယ်အထူးစုံစမ်းစစ်ဆေးရေး | အဖွဲ့ဝင် |
| (၄) | ရပ်ကျေးအုပ်ချုပ်ရေးမှူးများအားလုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | သက်ဆိုင်ရာစခန်းမှူးများ | အဖွဲ့ဝင် |
| (၆) | ဦးစီးမှူး (မီးသတ်ဦးစီးဌာန) | အတွင်းရေးမှူး |
| (၇) | ဒု-ဦးစီးမှူး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

၇။ **ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး | ဥက္ကဋ္ဌ |
| (၂) | ရပ်ကျေးအုပ်ချုပ်ရေးမှူးများအားလုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၃) | မန်နေဂျာ (မြန်မာ့စီးပွားရေးဘဏ်) | အဖွဲ့ဝင် |
| (၄) | မန်နေဂျာ (စိုက်ပျိုးရေးနှင့်လယ်ယာဖွံ့ဖြိုးရေးဘဏ်) | အဖွဲ့ဝင် |
| (၅) | ခရိုင်သာသနာရေးမှူး (သာသနာရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ (ကုန်သည်ကြီးများအသင်း) | အဖွဲ့ဝင် |
| (၇) | မြို့မိမြို့ဖ (၂)ဦး | အဖွဲ့ဝင် |
| (၈) | လက်/ညွှန် (ပြည်တွင်းအခွန်များဦးစီးဌာန) | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ (စာရင်းစစ်) | အတွင်းရေးမှူး |
| (၁၀) | လက်/ညွှန် (စည်ပင်သာယာရေးကော်မတီ) | တွဲဖက်အတွင်းရေးမှူး |

၈။ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ (သစ်တောဦးစီးဌာန) | ဥက္ကဋ္ဌ |
| (၂) | လက်ထောက်ညွှန်ကြားရေးမှူး (စည်ပင်သာယာရေးကော်မတီ) | အဖွဲ့ဝင် |
| (၃) | မန်နေဂျာ (သစ်ထုတ်လုပ်ရေးလုပ်ငန်း) | အဖွဲ့ဝင် |
| (၄) | ဦးစီးမှူး (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၅) | ဒု-ဦးစီးမှူး (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၆) | ဦးစီးမှူး (မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန) | အဖွဲ့ဝင် |
| (၇) | ရပ်ကျေးအုပ်ချုပ်ရေးမှူးများအားလုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) | အဖွဲ့ဝင် |
| (၈) | ဦးစီးအရာရှိ (စိုက်ပျိုးရေးဦးစီးဌာန) | အတွင်းရေးမှူး |
| (၉) | ဒု-ဦးစီးမှူး (လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန) | တွဲဖက်အတွင်းရေးမှူး |

# အခန်း [ ၅ ]

# ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ

## ၅-၁။ ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

ကျိုင်းတုံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ဒဏ် လျော့ပါးစေရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျနှင့် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းကော်မတီများ၏တာဝန်များကို အောက်ပါအတိုင်း အဆင့်(၃)ဆင့် သတ်မှတ်ထားပါသည်။

| ဘေးမကျရောက်မီ |
| --- |
| • သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေး အစီအစဉ်များတွင် ပြည်သူလူထု ပါဝင်လာစေရန် လှုံ့ဆော်တိုက်တွန်းခြင်း။ |
| • သဘာဝဘေးအန္တရာယ် ကြိုတင်ခန့်မှန်းခြင်းစနစ်နှင့် ကြိုတင်သတင်းပေးစနစ်ထူထောင်ရေး၊ ကြိုတင်သတင်းပေးစနစ်မှ သတိပေးချက်ရရှိလာချိန်တွင် အချိန်မီ အောက်ခြေအထိ ဆက်လက်အသိပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း။ |
| • သဘာဝဘေးအန္တရာယ် အရွယ်အစားအလိုက် ပါဝင်ဆောင်ရွက်ပေးရမည့် ဌာနများ၊ အဖွဲ့အစည်းများအား သတ်မှတ်တာဝန်ပေးခြင်း။ |
| • သဘာဝဘေးအန္တရာယ်များကို စောင့်ကြည့်သုံးသပ်လျက် ကြိုတင်သတိပေးနိုင်ရေးအတွက် စီစဉ်ထားသည့်စနစ်များ ပိုမိုကောင်းမွန်တိုးတက်စေရေး ဆောင်ရွက်ခြင်း။ |
| • သဘာဝဘေးကျရောက်နိုင်သော နေရာနှင့် အန္တရာယ်ပေးနိုင်မှု အတိုင်းအတာကို မြို့နယ်အဆင့် အတွက်သာမက အောက်ခြေရပ်ကွက်၊ ကျေးရွာအဆင့်အတွက်ပါ သုံးသပ်ဖော်ထုတ်ခြင်း။ |
| • မီးသတ်ယာဉ်များဝင်ရောက်ရန် အခက်အခဲရှိမည့် ရပ်ကွက်အလိုက် လမ်းများကို မြို့နယ်မီးသတ်မှ စာရင်းပြုစုထားပြီး လိုအပ်ပါက ဒေသအာဏာပိုင်နှင့် ညှိနှိုင်း၍ လမ်းများ တိုးချဲ့မှုဆောင်ရွက်ခြင်း။ |
| • မီးငြိမ်းသတ်ရန် ရေလုံလောက်စွာ ရရှိစေရေးအတွက် မီးသတ်ရေဂုတ်များ၊ (Fire Hydrant) မီးသတ်ရေလှောင်ကန်များဆောက်လုပ်ခြင်းကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်ပေးရန် ညွှန်ကြားခြင်း။ |

- မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် မီးဘေးလုံခြုံရေး စီမံချက်များရေးဆွဲခြင်း၊ နှစ်အလိုက် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း။
- မြို့နယ်တွင်းကျရောက်နိုင်သော ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့နည်းသက်သာစေရန် စီမံချက်ရေးဆွဲရန်၊ ခရိုင်သို့တင်ပြရန်။
- မြို့နယ်အတွင်း ဘေးဖြစ်ပွားမှုသမိုင်းကြောင်း ဖော်ထုတ်ပြီး နှစ်အလိုက်စာရင်းပြုစုရန်။
- မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများကို ပုံမှန်ကျင်းပခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု လျှော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်ရေး အစီအမံများအား စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုရန်။
- မိမိမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ထည့်သွင်းစဉ်းစားရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနများသို့ အကြံပြုချက်များပေးရန်။
- မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (ခရိုင်အဆင့်)နှင့် ပူးပေါင်း၍ မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်ကြည့်ရှုပြီး မိမိမြို့နယ်ရှိ ရပ်ရွာလူထုများဆီသို့ သတင်းများပေးပို့ရန်အတွက် လုပ်ငန်းကော်မတီများကို ညွှန်ကြားရန်။
- လက်သမား၊ ပန်းရံနှင့် ကျွမ်းကျင်လုပ်သားများကို ဘေးအန္တရာယ် မကျရောက်မီ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သင်တန်းများပို့ချပေးခြင်းနှင့် သင်တန်းပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်ရန်အတွက် လိုအပ်သောယာဉ်များနှင့်လောင်စာများ၊ ပစ္စည်းကိရိယာများကို မှတ်သုန်မတိုင်မီ ကာလတွင် စီစဉ်ထားရှိရန်။
- ဘေးအန္တရာယ်ခံနိုင်သော အဆောက်အဦများအား စာရင်းပြုစုခြင်းနှင့် လိုအပ်သောသတင်းအချက်အလက်များစာရင်းပြုစုရန်နှင့် လိုအပ်ပါက ကြိုတင်အကြောင်းကြားရန်။
- ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ဘေးအန္တရာယ်သတိပြုရေး မြေစိုက်ပိုစတာ၊ နံရံကပ်ပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများပြုလုပ်ရန် ညွှန်ကြားကြီးကြပ်ရန်။
- စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေး လုပ်ငန်းကော်မတီမှ ဝယ်ယူသည့်ပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ အမျိုးအစားကောင်းမွန်ရေး၊ ဈေးနှုန်း မှန်ကန်ရေး စသည်တို့ကို ကြီးကြပ်ကွပ်ကဲရန်။
- ဝယ်ယူသည့်ပစ္စည်းများနှင့် သက်ဆိုင်သော ဆိုင်ပိုင်ရှင်များမှ တင်ပြလာသော ဈေးနှုန်းများအား စီမံခန့်ခွဲမှုကော်မတီမှ အစည်းအဝေးပြုလုပ်ပြီး ဈေးနှုန်းစိစစ်မှုများ ပြုလုပ်၍ စနစ်တကျ ဆောင်ရွက်ရန် ညွှန်ကြားပေးရန်။
- ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၏ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုထားပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုများထံသို့ ဖြန့်ဝေပေးထားရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအား ညွှန်ကြားရန်။
- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ဖြစ်ပွားလာနိုင်မည့် ကပ်ရောဂါများအတွက် စီမံချက်များ ရေးဆွဲထားရန်။ ဥပမာ– မီးဘေး၊ တောင်ကျရေဘေး၊ လေပြင်းဘေး။
- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ထိရောက်မှုအားသုံးသပ်ရန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ရပ်ရွာလူထုများ ပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခန်းများပြုလုပ်ရန် ညွှန်ကြားရန်။
- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

### ဘေးကျရောက်စဉ်

- သဘာဝဘေးကြုံတွေ့ချိန်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ လုပ်ဆောင်ချိန်တွင် ဦးဆောင်ညွှန်ကြားရန်နှင့် လုပ်ငန်းကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ကြပ်မတ်ခြင်းနှင့်လုပ်ငန်းကော်မတီများအား ညှိနှိုင်းပေါင်းစပ်ပေးရန်။
- ကြိုတင်စုဆောင်းထားသော အရန်ရိက္ခာနှင့် ရေများအား ဘေးကင်းသည့်နေရာများသို့ ရွှေ့ပြောင်းထိန်းသိမ်းရန်။
- အရေးပေါ်သတိပေးချက်ရရှိသည်နှင့် တစ်ပြိုင်နက် ဘေးထိခိုက်လွယ်သည့်နေရာတွင် နေထိုင်သော ရပ်ရွာလူထုများကို ဘေးကင်းရာသို့ လျင်မြန်စွာရွှေ့ပြောင်းပေးရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ ညွှန်ကြားရန်။
- သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို ဦးစွာအန္တရာယ်ကင်းရာသို့ ပြောင်းရွှေ့ပေးရန် ညွှန်ကြားရန်။
- ခရိုင်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများနှင့်ပူးပေါင်း၍ ဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ အထက်အဖွဲ့အစည်းများသို့ အစီရင်ခံတင်ပြရန်။
- ကောလာဟလ ပြန့်နှံ့မှုများအား ရပ်တန့်စေခြင်းနှင့် လူထုကို လက်တွေ့အခြေအနေမှန်အား အသိပေးရန်။
- အခြားအဖွဲ့အစည်းများထံမှ သတင်းအချက်အလက် စုဆောင်းခြင်းအားဖြင့် ထိခိုက်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးအစီအစဉ်များ ပြုလုပ်ရန်။
- သဘာဝဘေးအန္တရာယ်လျော့ပါးရေးကိစ္စကို အဆင့်တိုင်း၌ အကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သည့် တာဝန်နှင့်လုပ်ပိုင်ခွင့်၊ သုံးစွဲရမည့်ငွေ၊ ပစ္စည်းအစရှိသည့် စွမ်းအားစုများကို ဖြန့်ဝေပေးခြင်း။
- သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် အောက်ခြေအဖွဲ့အစည်းများ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည်များကို ပံ့ပိုးထောက်ပံ့ခြင်း၊ အားပေးကူညီခြင်း။

### ဘေးကျရောက်ပြီး

- ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးရန်၊ ဘေးဒဏ်ခံခဲ့ရသူများအား နေရာပေးရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ ညွှန်ကြားပေးရန်နှင့် ထောက်ပံ့မှုအမြန်ရရန် အာဏာပိုင်သို့ တင်ပြဆောင်ရွက်ရန်။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ထောက်ပံ့မှုများဆောင်ရွက်ပေးရန်။
- လုပ်ငန်းကော်မတီများမှ ရရှိလာသော ပျောက်ဆုံးသူ၊ ဒဏ်ရာရသူ၊ သေဆုံးသူအရေအတွက်၊ ပျက်စီးမှု၊ ဆုံးရှုံးမှုနှင့် ထိခိုက်သူများဆိုင်ရာ အချက်အလက်များကို စုဆောင်းပြုစုပြီး အထက်သို့အစီရင်ခံတင်ပြရန်။
- စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားမှုအောက်ရှိ လုပ်ငန်းကော်မတီများမှ ကော်မတီဝင်များအကြား သတင်းနှင့်အမြင်များ ဖလှယ်နိုင်ရန် လိုအပ်သလို အစည်းအဝေးများပြုလုပ်ရန်။
- အရေးပေါ် တုံ့ပြန်မှုများ ဆောင်ရွက်ခြင်း၊ အပျက်အစီးများကို ရှင်းလင်းပြီး ဒဏ်ရာရရှိသူများနှင့် ထိခိုက်မှု ခံရသူများအား လုံခြုံစိတ်ချရသောနေများသို့ ရွှေ့ပြောင်းပေးရန်၊ လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်။
- ဘေးအန္တရာယ်ကျရောက်ပြီးနောက် အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များထံမှ လှူဒါန်းထားသော ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများကိုလက်ခံပြီး ကယ်ဆယ်ရေးစခန်းရှိ ဘေးသင့်ပြည်သူများထံသို့ အချိန်နှင့်တပြေးညီ ဖြန့်ဝေပေးနိုင်ရေးအတွက် ကြီးကြပ်ရန်။
- ယာယီစခန်းတွင် နေထိုင်စဉ်အတွင်း ဘေးသင့်ပြည်သူများအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် လုံခြုံရေး အထောက်အပံ့များ စီစဉ်ဆောင်ရွက်ပေးရန်။
- ကယ်ဆယ်ရေးပစ္စည်းများနှင့် အကူအညီများဖြန့်ဝေရာတွင် အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးသူငယ်များ၊ မသန်စွမ်းသူများအား အထူးဂရုပြု ဦးစားပေးရေး ညွှန်ကြားပေးရန်။

- ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစီမံချက်များ ရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးကဏ္ဍကို ဦးစားပေးထည့်သွင်းစဉ်းစားရန်။
- သဘာဝဘေး စီမံခန့်ခွဲရေးလုပ်ငန်းများမှ ရရှိလာသော အတွေ့အကြုံများနှင့် သင်ခန်းစာများကို မှတ်တမ်းတင်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်။
- တုံ့ပြန်မှုကို စောင့်ကြည့်စစ်ဆေးပြီး မှတ်တမ်းတင်ခြင်း၊ ယခင်က သဘာဝဘေးအန္တရာယ်မှရရှိခဲ့သော သင်ခန်းစာအပေါ်အခြေပြုပြီး မြို့နယ်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှုစီမံချက်ကို ဖြည့်စွက်ပြင်ဆင်ရန်။

## ၅-၂။ ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ

### ၁။ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
| --- |
| • ကြိုတင်သတိပေးစနစ်များ သတ်မှတ်ထားရန်၊ အချင်းချင်းဆက်သွယ်ရန် သတ်မှတ်ထားသော ဆက်သွယ်မှုစနစ်များ၊ မိမိသတင်းပို့ရမည့် အထက်အဖွဲ့အစည်းနှင့် မိမိကြီးကြပ်ကွပ်ကဲရမည့် အောက်အဖွဲ့အစည်းများသို့ ဆက်သွယ်ရမည့်စနစ်များ သတ်မှတ်ထူထောင်ပေးရန်။ |
| • ရေဒီယိုကြေညာချက်များကို လူထုသိရှိစေရန် အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာပေးရန်။ |
| • မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ ကြိုတင်ခန့်မှန်းချက်များအား အချိန်နှင့်တပြေးညီ မှန်ကန်စွာ သတင်းထုတ်ပြန်ရန်။ |
| • သက်ဆိုင်ရာဌာနဆိုင်ရာများမှ ထုတ်ပြန်ထားသော မီးသုံးစွဲမှုအချိန်နှင့် စည်းကမ်းချက်များအား အများပြည်သူများ သိရှိအောင် သတင်းထုတ်ပြန်ပေးရန်။ |
| • မီးသတ်ဦးစီးဌာနမှ ညွှန်ကြားထားသော ညွှန်ကြားချက်များအား ပြည်သူများသိရှိအောင် သတိပေးနှိုးဆော်ထားရှိရန်။ |
| • မီးဘေးကျရောက်ပါက လျင်မြန်စွာ သတင်းပေးပို့နိုင်မည့် အရေးပေါ်ဆက်သွယ်သည့်စနစ် ထူထောင်ထားရှိပြီး ကြိုတင်လေ့ကျင့်ထားရန်။ |
| • မီးဘေးကျရောက်လျင် ကျရောက်ခြင်း သက်ဆိုင်ရာသို့ အရေးပေါ်ဆက်သွယ်နိုင်ရန် မီးသတ်တပ်ဖွဲ့များ၏ ဆက်သွယ်ရမည့် ဖုန်းများကို စာရင်းပြုစုပြီး လိုက်လံဖြန့်ဖြူးထားရှိရန်။ |
| • ဌာနဆိုင်ရာများနှင့် စက်ရုံအလုပ်ရုံများတွင် မီးဘေးလျော့ပါးရေး စီမံချက်များရေးဆွဲထားရန် ညွှန်ကြားရန်နှင့် စီမံချက်ပါအတိုင်း မီးဘေးဇာတ်တိုက် လေ့ကျင့်မှုများကို ရပ်ရွာလူထုများ၊ ထိခိုက်ခံရလွယ်အုပ်စုများ (သက်ကြီး၊ ဘိုးဘွား၊ မသန်စွမ်း၊ ကိုယ်ဝန်ဆောင်)၊ လုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အားလုံးပါဝင်သော ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို လူထု၊ ကော်မတီနှင့် လုပ်ငန်းကော်မတီတို့ကို အဆက်မပြတ် သတင်းများပေးရန်။ |
| • အပျက်အစီးအနည်းဆုံးဖြစ်နိုင်မည့်နည်းလမ်းများကို အကြံပြုပေးခြင်း၊ လက်လှမ်းမှီသလောက် ပူးပေါင်းပါဝင်ကူညီပေးရန်။ |
| • အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ အကြောင်းကြားရန်။ |
| • ဖြစ်ပွားမှုသတင်းများနှင့် ဖြစ်စဉ်၊ အပျက်အစီး ဆုံးရှုံးမှုစာရင်းများကို စဉ်ဆက်မပြတ်ရယူပြီး အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးရန်။ |
| • အရေးပေါ်ကာလအတွင်း လိုအပ်သော ပံ့ပိုးကူညီမှုများ အဆက်မပြတ်ရရှိနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဘေးကင်းလွတ်သော ဒေသများမှ ပံ့ပိုးကူညီပေးနိုင်သော အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အရေးပေါ်ဆက်သွယ်ကာ လိုအပ်သောအကူအညီများ ရယူရန်။ |
| • မီးဘေးဖြစ်ပွားပါက နီးစပ်ရာဒေသများသို့ မီးဘေးကူးစက်မှုမရှိစေရန် မီးဘေးအခြေအနေများကို အရေးပေါ်ဆက်သွယ်မှုစနစ်များဖြင့် ကြိုတင်သတင်းပေးပို့ခြင်းဖြင့် ကာကွယ်မှုများ ပြုလုပ်ရန်။ |
| • မီးဘေးပြန့်ပွားမှုမှ ကာကွယ်ရန်နှင့် လိုအပ်သော ပံ့ပိုးမှုများရရှိရန် အခြေအနေများကို အရေးပေါ် ဆက်သွယ်ရမည့်သူများနှင့် တိုင်း၊ ခရိုင်အစရှိသော တာဝန်ရှိသူများသို့ သတင်းပေးပို့ အကူအညီများရယူရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ပျက်စီးဆုံးရှုံးမှုသတင်းများကို အထက်အဖွဲ့အစည်းများနှင့် အချိန်မီရှာဖွေကယ်ဆယ်ရေး၊ စစ်တမ်းကောက်ယူရေးနှင့် နေရာချထားရေးလုပ်ငန်းကော်မတီသို့ သတင်းပေးရန်နှင့် ပြည်သူများထံသို့ ပြန်ကြားပေးရန်။ |
| • ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ထုတ်ပြန်ကြေညာရန်။ |
| • သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် လိုအပ်လာပါက အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းပါဝင် ကူညီပေးရန်။ |
| • ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများဖြန့်ဝေသော သတင်းအချက်အလက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ရယူပြီး သတင်းထုတ်ပြန်ရန်။ |
| • နောက်ဆုံးရရှိသော သတင်းများအား အချိန်နှင့် တစ်ပြေးညီရယူပြီး ဘေးသင့်ရာနေရာများသို့ ထုတ်ပြန်ပေးရန်။ |
| • ကွဲကွာသွားသောမိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ဆက်သွယ် ဆောင်ရွက်ပေးရန်။ |
| • မီးဘေးသင့်ပြီးနောက် ပျက်ဆီးသွားသော ဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်စေရန် လိုအပ်သော ပြန်လည်ပြုပြင်ခြင်းများ ပြုလုပ်ပေးရန်။ |
| • မီးဘေးသင့်ပြည်သူများအား အရေးပေါ်ရွှေ့ပြောင်းရာတွင် ဆက်သွယ်ရေးဆိုင်ရာ လိုအပ်သော ပံ့ပိုးမှုများပေးရန်။ |

## ၂။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးရေးလုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • သဘာဝဘေးမဖြစ်မီ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းကာ ကြိုတင်အသိပညာပေးခြင်းများ၊ ကြိုတင်ကာကွယ်ရေးအတွက် သတင်းပေးခြင်းများ ဆောင်ရွက်ရန်။ |
| • အန္တရာယ်ရှောင်ကွင်းနိုင်မည့် ပညာပေး (သရုပ်ပြ)သင်တန်းများပေးရန်၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ရန်။ |
| • စက်ရုံအလုပ်ရုံများကို လျှပ်စစ်မီး စနစ်တကျသုံးစွဲရေး၊ မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများကို စနစ်တကျသုံးစွဲရန်၊ မီးဘေးအသိပေးနှိုးဆော်ချက်များနှင့် မီးဘေးအသိပညာ ပေးဟောပြောပွဲများ ပြုလုပ်ရန်။ |
| • ရပ်ကွက်၊ ကျေးရွာများတွင် မီးသုံးစွဲမှု စနစ်တကျရှိစေရန် လက်ကမ်းစာစောင်များအား ဝေငှခြင်းဖြင့်လည်းကောင်း၊ ပိုစတာများ၊ ဆိုင်းဘုတ်များ စိုက်ထူခြင်းဖြင့်လည်းကောင်း၊ အသိပညာပေး ဇာတ်လမ်းများ လိုက်လံပြသပေးခြင်း အစရှိသည်တို့ ပြုလုပ်ရန်။ |
| • မြို့နယ်ပညာရေးမှူးရုံးနှင့် ချိတ်ဆက်၍ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းတွင်း သဘာဝဘေးလျော့ပါးရေး (School Based DRR) ပြုလုပ်ပေးရန်။ |
| • လမ်းကြောင်းပြမြေပုံများ၊ ဦးစားပေးအုပ်စုများ (သက်ကြီးရွယ်အို၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်းများ) ခိုလှုံရန်နေရာပြမြေပုံများ ပြုစုဖော်ထုတ်ပြီး ရပ်ရွာလူထုသို့ အသိပေးထားရန်။ |
| • သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ သဘာဝဘေးကို ရင်ဆိုင်ကျော်လွှားရန်အတွက် တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ တစ်အိမ်ထောင်ချင်း၊ တစ်ရပ်ကွက်ချင်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် ကိစ္စများကိုလည်းကောင်း၊ လူတိုင်းကောင်းစွာ သိရှိထားစေရေးအတွက် ကျောင်းသင်ခန်းစာများတွင်လည်းကောင်း၊ သတင်းစာ/ဂျာနယ်များတွင်လည်းကောင်း ထည့်သွင်းအသိပေးထားခြင်း၊ အထူးသဖြင့် သဘာဝဘေးမျှော်မှန်းရသည့်ကာလများတွင် ထပ်မံအသိပေး နှိုးဆော်ပေးထားခြင်း။ |
| • သဘာဝဘေးအမျိုးအစားအလိုက် ကျရောက်နိုင်ခြေရှိသော အရပ်ဒေသများကို သုံးသပ်ဖော်ထုတ်မှတ်သား၍ ထိုအရပ်ဒေသ၌ နေထိုင်သူများအား အသိပေးထားခြင်း၊ သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ဆောင်ရန်ရှောင်ရန် အချက်များ၊ ကြိုတင်စီစဉ်ဆောင်ရွက်သင့်သော လုပ်ငန်းများအား ဖော်ထုတ်အသိပေးထားခြင်း။ |
| • ပြည်သူသို့ အသိပေးခြင်းနှင့် ဘေးအန္တရာယ် သတိပေးခြင်း၊ ခရိုင်နှင့်မြို့နယ်၊ ကျေးရွာများသို့ သဘာဝဘေးဆိုင်ရာ သတိပေးရာတွင် အသံချဲ့စက်ဖြင့် လှည့်လည်အသိပေးခြင်း၊ ပိုစတာများ စိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဖြင့် အသိပေးဆောင်ရွက်ခြင်း။ |

| ဘေးကျရောက်စဉ် |
|---|
| • ဘေးကျရောက်နေစဉ်အတွင်း လိုအပ်သည့်အကူအညီများပေးရန် အခြား သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်။ |
| • ဘေးကျရောက်နေစဉ် ဘေးသင့်ပြည်သူများအား စိတ်ပိုင်းဆိုင်ရာ ကူညီစောင့်ရှောက်မှုများပေးရန်။ |
| • ဘေးအန္တရာယ် ဖြစ်စဉ်အခြေအနေ၊ အပြောင်းအလဲတို့အပေါ် ကော်မတီနှင့် လုပ်ငန်းကော်မတီများသို့ စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ရန်နှင့် အထက်အဖွဲ့အစည်းများသို့ ဘေးအန္တရာယ်ဖြစ်စဉ်ကို အချိန်နှင့်တစ်ပြေးညီ တင်ပြအစီရင်ခံရန်။ |

| ဘေးကျရောက်ပြီး |
| --- |
| • ဘေးကျရောက်ပြီးပါက ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သည့်အတွက် ဘေးသင့်ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်။ |
| • ဘေးထပ်မံကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုများ နည်းပါးစေရန် မှတ်တမ်းတင်ဟောပြောပွဲများ၊ ဇာတ်တိုက် လေ့ကျင့်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြုလုပ်ရန်။ |

## ၃။ အချိန်မီ ရှာဖွေကယ်ဆယ်ရေး၊ စစ်တမ်းကောက်ယူရေးနှင့်နေရာချထားရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
| --- |
| • ရှာဖွေကယ်ဆယ်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်မည့် ဌာနဆိုင်ရာအင်အား၊ NGO အင်အား (ကြက်ခြေနီ၊ မီးသတ်၊ စစ်မှုထမ်းဟောင်းစသည့်)၊ စေတနာ့ဝန်ထမ်းအင်အား၊ ပြည်သူလူထုအင်အားကို ကြိုတင်စာရင်း ပြုစုထားရန်။ |
| • ဘေးအန္တရာယ်မကျရောက်မီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၊ အချိန်မီရှာဖွေကယ်ဆယ်ရေး၊ စစ်တမ်းကောက်ယူရေးနှင့် နေရာချထားရေး လုပ်ငန်းကော်မတီများနှင့် ကြိုတင်ချိတ်ဆက်မှုများ ဆောင်ရွက်ရန်။ |
| • ရှာဖွေရေးနှင့်အရေးပေါ်ကယ်ဆယ်ရေး အထောက်အကူပစ္စည်းများ (ရေ၊ ဆေးဝါး၊ အစားအစာ၊ ယာဉ်၊ ရှာဖွေရေးသုံးပစ္စည်းများ စသည်) ကြိုတင်စုဆောင်းထားရန်နှင့် သုံးစွဲနည်းများကို လေ့ကျင့်သင်ကြားထားရန်၊ ဇာတ်တိုက်လေ့ကျင့်ထားရန်။ |
| • ပိတ်မိနေသော ဒုက္ခသည်များအား အချိန်မီကယ်ဆယ်နိုင်ရေးအတွက် အသုံးပြုမည့်ပစ္စည်း၊ လက်နက်ကိရိယာများနှင့်အတူ စနစ်တကျ ရွေးချယ်လေ့ကျင့်ထားရန်။ |
| • အန္တရာယ်ကျရောက်နိုင်သည့် ဒေသများနှင့် ဘေးလွတ်နိုင်သောနေရာများ၊ အဆောက်အဦများအား ကြိုတင်ရှာဖွေထားရန်။ |
| • စာရင်းကောက်ယူရန်တွင် အသုံးပြုမည့် စာရင်းဇယားပုံစံများကို ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်အမျိုးအစားအလိုက် ခွဲခြားပြင်ဆင်ထားရန်။ |
| • စစ်တမ်းကောက်ယူမည့် အဖွဲ့များအား စာရင်းဇယားပုံစံများ အကျွမ်းဝင် နားလည်မှုရှိစေရန် သင်တန်းပေးခြင်း။ |
| • ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် လူဦးရေ (ကျား၊မ၊ ကလေး၊ လူလတ်၊ လူကြီး၊ မသန်စွမ်းနှင့် ကိုယ်ဝန်ဆောင်)၊ မိသားစုဝင် ဦးရေစာရင်း၊ အိမ်ထောင်စု၊ ကျွဲနွား၊ တိရစ္ဆာန်ကောင်ရေများ၊ အဆောက်အဦ အမျိုးအစားအလိုက်နှင့် ဘေးထိခိုက်လွယ်အုပ်စု များကို စာရင်းပြုစုထားရန်။ |
| • ဘေးအန္တရာယ်မဖြစ်မီ ကျေးရွာရှိရွာသားများအား ဘေးခိုလှုံရာနေရာများအား ကြိုတင်အသိပေးထားရန်။ |
| • အိမ်ထောင်စုအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို စာရင်းပြုစုထားရန်။ |
| • အခြားလုပ်ငန်းကော်မတီများနှင့် ဆက်သွယ်၍ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ရေး စီမံခန့်ခွဲမှုကော်မတီအား တင်ပြလုပ်ဆောင်ရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် သတင်းအချက်အလက်များ စဉ်ဆက်မပြတ်နားစွင့်ထားရန်။<br>• ကျေးရွာအတွင်းရှိသူများ မလိုအပ်ဘဲ ပြင်ပသို့ မထွက်ခွာစေရေး နှိုးဆော်ရန်။ |
| • ကယ်ဆယ်ရေး အထောက်အကူပြု အခြားကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။<br>• ဘေးအန္တရာယ် ကျရောက်နေစဉ်အတွင်း ဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။<br>• ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဝန်ထမ်းများအား ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးရန်။<br>• ပြင်းထန်စွာ ဒဏ်ရာရရှိသူများအား ဆေးရုံသို့ပို့ဆောင်ပေးရန်နှင့် လိုအပ်သလို လွှဲပြောင်းပေးရန်။<br>• ထိခိုက်ခံစားရလွယ်သော အုပ်စုများ (ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများနှင့် ကလေးငယ်များ)အား ပထမဦးစားပေးရွှေ့ပြောင်းပေးရန်။<br>• ဌာနဆိုင်ရာများ၏ အရေးကြီး စာရွက်စာတမ်းများအား ဦးစားပေး သယ်ယူပေးရန်။<br>• ပျောက်ဆုံးနေသူများကို ရှာဖွေရန်၊ ဘေးအန္တရာယ်မှလွတ်မြောက်ရေး ကူညီဖယ်ရှားရန်။<br>• သဘာဝဘေးကျရောက်နေသည့်ဒေသရှိ ရှာဖွေကယ်ဆယ်သည့်သူများ ကိုယ်တိုင်ဘေးကျရောက်နေသဖြင့် မိမိပတ်ဝန်းကျင်ဒေသများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ပြီး အကူအညီရရှိရေး ဆောင်ရွက်ရန်။<br>• မီးဘေးဖြစ်ပွားပါက အမြန်ဆုံး မီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်။<br>• မီးဘေးလွတ်ကင်းရာနေရာများသို့ အမြန်ဆုံး ရွှေ့ပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်။<br>• မီးလောင်ပြင်နှင့် ဆက်စပ်နေသော အခြားမြို့၊ ရွာ၊ ရပ်ကွက်များ၊ လူနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းမှု မရှိစေရန် အမြန်စီမံဆောင်ရွက်ပေးရန်။<br>• မီးလောင်မှုဖြစ်ပွားပါက အနီးဆုံး မီးသတ်စခန်း၊ ဒေသအာဏာပိုင်အဆင့်၊ ရဲတပ်ဖွဲ့နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးသို့ အမြန်ဆုံးနည်းဖြင့် အကြောင်းကြားရန်နှင့် လျှပ်စစ်ဓာတ်အားများ ဆောလျင်စွာ ဖြတ်တောက်ရေးတို့အား အမြန်စီမံ ဆောင်ရွက်ပေးရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ဘေးအန္တရာယ် ကြုံတွေ့သောသူများအား လိုအပ်သော စောင့်ရှောက်မှုများ ထောက်ပံ့ပေးရန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။<br>• သေဆုံး၊ ပျောက်ဆုံးသူများ ရှိ၊ မရှိ ပြန်လည်စိစစ်ရှာဖွေစာရင်းပြုစုရန်။<br>• အပျက်အစီးများ ရှင်းလင်းခြင်း၊ သေဆုံးသူများကို ဒေသထုံးတမ်း အစဉ်အလာနှင့်အညီ သင်္ဂြိုလ်ပေးခြင်း၊ တိရစ္ဆာန်အသေများကို ရှင်းလင်းခြင်းများ လုပ်ဆောင်ရန်။<br>• ဘေးသင့်သူများကို စိတ်သက်သာရာရစေရန် ပညာပေးခြင်း၊ အားပေးနှစ်သိမ့် စကားပြောခြင်းများ ဆောင်ရွက်ရန်။<br>• မိသားစု ပြန်လည်ပေါင်းစည်းရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်။<br>• ပျောက်ဆုံးသူစာရင်း၊ သေဆုံးသူစာရင်းများကို စီမံခန့်ခွဲမှုကော်မတီနှင့် အထက်အဖွဲ့အစည်းများသို့ အချိန်မီ တင်ပြရန်။ |

## ၄။ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများဖြန့်ဖြူးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ

| ဘေးမရောက်မီ |
| --- |
| • သဘာဝဘေးကျရောက်မည့် သတင်းရရှိသည့်အချိန်မှစ၍ အမှန်တကယ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို အနည်းဆုံးကုန်ကျမည့် ဈေးနှုန်းဖြင့် ရံပုံငွေ တောင်းခံ ဝယ်ယူစုဆောင်းထားရန်။ |
| • ပစ္စည်းများဝယ်ယူသည့်အခါ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင်ငါးဦးဖြင့် ဝယ်ယူရေး ဆောင်ရွက်ရန်။ |
| • လိုအပ်သည့်ပစ္စည်းများကို ဝယ်ယူပြီးနောက် အစီရင်ခံစာပြုစု၍ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့ တင်ပြရန်။ |
| • အရေးပေါ်ကာလအတွက် လိုအပ်မည့် ရေ၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည် အသုံးအဆောင်ပစ္စည်း၊ တကိုယ်ရည်သုံး သန့်ရှင်းရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်း၊ အမိုးအကာနှင့် အသင့်ဆောက်ထားသော တဲ၊ လုပ်ငန်းသုံးပစ္စည်း အစရှိသည်များအား တတ်နိုင်သမျှ အသင့်သိုလှောင်ထားခြင်း၊ မသိုလှောင်ထားနိုင်ပါကလည်း ရနိုင်သောနေရာများနှင့် သယ်ယူပို့ဆောင်နိုင်မည့် အစီအစဉ်များ သတ်မှတ်ထားခြင်း။ |
| • သက်ဆိုင်ရာထောက်ပံ့ရေး အဖွဲ့အစည်း (အစိုးရ၊ ပုဂ္ဂလိက၊ NGO, INGO) များမှ ထောက်ပံ့သည့် ပစ္စည်းများ သိုလှောင်ရန် နေရာရွေးချယ်သတ်မှတ်ခြင်း၊ ထိန်းသိမ်းကြီးကြပ်ရန်နှင့် ပစ္စည်းလက်ခံဖောင်ပုံစံများ၊ ပစ္စည်းဝင်/ထွက်စာရင်းပုံစံများ ပြင်ဆင်ထားရှိရန် စနစ်တကျ တာဝန်ခွဲဝေခြင်း။ |
| • စားနပ်ရိက္ခာနှင့် လိုအပ်သောပစ္စည်းများ အထောက်အပံ့ပေးနိုင်မည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အင်အားကို စာရင်းပြုစုထားရန်။ |
| • ထောက်ပံ့ပစ္စည်းများ အချိန်မီ ဖြန့်ဖြူးနိုင်ရန် သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် လိုအပ်သော စက်သုံးဆီများ စုဆောင်းထားရန်။ |
| • အရေးပေါ်ထောက်ပံ့ပစ္စည်းများ စနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်ခံဖြန့်ဝေပုံစနစ်ကို ကြိုတင်ညှိနှိုင်းပြင်ဆင်ဆောင်ရွက်ထားရန်။ |
| • အချိန်မီရှာဖွေကယ်ဆယ်ရေး၊ စစ်တမ်းကောက်ယူရေးနှင့် နေရာချထားရေးလုပ်ငန်းကော်မတီမှ အတည်ပြုပြီးဖြစ်သောအိမ်ထောင်စု၊ လူဦးရေစာရင်းများ၊ အခြေခံအဆောက်အဦစာရင်းများ ရရှိရန်။ |
| • လက်သမား၊ ပန်းရံနှင့် ကျွမ်းကျင်လုပ်သားများအား ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် သင်တန်းများ ပို့ချပေးနိုင်ရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သင်တန်းများပေးရန်။ |
| • ဘေးအန္တရာယ် ကျရောက်လွယ်ပြီး ခိုလှုံရန် ခိုင်ခံ့သည့်အဆောက်အဦများ မရှိသောဒေသများတွင် ဘေးအန္တရာယ်လုံခြုံသည့် အဆောက်အဦများ တည်ဆောက်ပေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်။ |

| ဘေးကျရောက်စဉ် |
| --- |
| • အရေးပေါ်အခြေအနေကြုံနေသည့် လူ၊ ပုဂ္ဂိုလ်နှင့် အရေးကြီးပစ္စည်းများအား ကူညီဆောင်ရွက်ပေးရန်။ |
| • သဘာဝဘေးအန္တရာယ် ကျရောက်နေစဉ် အသက်အန္တရာယ် ကြုံတွေ့နိုင်သည့် အခြေအနေရောက်ရှိပါက အုပ်စုဖွဲ့၍ ကူညီဆောင်ရွက်ရန်။ |
| • သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်၍ ထောက်ပံ့ရေးပစ္စည်းများထုတ်ပေးရန် စနစ်တကျ ဆောင်ရွက်ခြင်း။ |
| • ဘေးအန္တရာယ် ဖြစ်ပွားနေသည့် နေရာသို့ လိုအပ်သည့် ထောက်ပံ့ပေးသောပစ္စည်းများ အချိန်မီ ရောက်ရှိအောင် ကြိုတင် စီစဉ်ထားခြင်း။ |

- ဘေးကျရောက်စဉ်အတွင်း ယာယီတဲများ (camps) များ တည်ဆောက်ပေးရန်။
- အထက်ဌာနဆိုင်ရာများမှ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ပံ့ပိုးကူညီမှုများကို ကြိုတင်ရယူထားရှိရန်။
- ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်း၍ အချက်အလက်များအား ရယူစုဆောင်းရန်။
- ဘေးကျရောက်စဉ်အတွင်း အိမ်ခြေမဲ့ ပြည်သူများ၏ စာရင်းကိုကောက်ယူပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရန်။

| ဘေးကျရောက်ပြီး |
|---|

- စစ်တမ်းကောက်ယူရေး လုပ်ငန်းကော်မတီမှ ကောက်ယူထားသော စာရင်းဇယားများ၊ အချက်အလက်များကို အသုံးပြုပြီး ပျက်စီးဆုံးရှုံးမှု စစ်ဆေးကာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြပြီး လိုအပ်သလို ထောက်ပံ့ပေးရန်။
- ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ် လိုအပ်သည့်နေရာသို့ရောက်ရှိအောင် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ခြင်း။
- ထောက်ပံ့ရေးပစ္စည်းများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် စနစ်တကျကြီးကြပ်ပြီး ဘေးသင့်သူများထံသို့ လက်ဝယ်အရောက် ကူညီထောက်ပံ့ရန်။
- ကောက်ယူထားသော ဘေးထိခိုက်လွယ်အုပ်စုများကို ဦးစားပေးအနေဖြင့် ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ရန်။
- ထောက်ပံ့၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပတ်သက်၍ လက်ခံ၊ ထိန်းသိမ်း၊ ထုတ်ပေးမှုစာရင်းဇယားများ စနစ်တကျ အသေးစိတ် ပြုစုဆောင်ရွက်ခြင်း။
- ထောက်ပံ့ပေးလိုက်သော ပစ္စည်းများကို စာရင်းပြုစုပြီး မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုထားရှိထားရန်။
- ထောက်ပံ့ရေးပစ္စည်းများ ပံ့ပိုးရာတွင် ကြုံတွေ့ရသော အခက်အခဲများ၊ အောင်မြင်မှုများ၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်လျက် မှတ်တမ်းပြုစုပြီး အထက်သို့တင်ပြရန်။
- ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများပံ့ပိုးပေးရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
- အထက်ဌာနများ၏ လမ်းညွှန်ခွင့်ပြုချက်အရ အသစ်ပြန်လည်တည်ဆောက်လျှက်ရှိသော ကျေးရွာများ/အိမ်ခြေများ စံချိန်၊ စံညွှန်းပြည့်မီစေရေးအတွက် ကြီးကြပ်ကွပ်ကဲရန်။
- ပြုပြင်တည်ဆောက်သင့်သည့် အများဆိုင်အဆောက်အအုံများ (ဥပမာ-စာသင်ကျောင်း၊ ဆေးရုံ၊ ဘာသာရေးအဆောက်အအုံများ) ဖော်ထုတ်ပြီး ပြန်လည်တည်ဆောက်ပေးရန်။
- အိုးအိမ်မဲ့ဖြစ်သွားသော ဘေးသင့်ပြည်သူများ၏ နယ်မြေအပြောင်းအလဲများကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးရန်။
- ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြန်လည်ထူထောင်မှုဆောင်ရွက်ပေးရန်။
- စီးပွားရေးလုပ်ငန်းများ အရှိန်မပျက် လုပ်ဆောင်နိုင်ရန်လုပ်ငန်းနှင့် ဆက်စပ်ပစ္စည်းများ ထူထောင်ဆောင်ရွက်ပေးရန်။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များအား သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာလုပ်ငန်းကော်မတီများဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်။

## ၅။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် စီမံချက်ရေးဆွဲပြီး ကြိုတင်ပြင်ဆင်ထားရှိရန်။ |
| • အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သော အသိပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ကျင်းပပေးရန်။ |
| • လိုအပ်သောဆေးဝါးပစ္စည်းများ ကြိုတင်၍စုဆောင်းထားရှိခြင်းနှင့် လိုအပ်သောလူနာယာဉ်များ စာရင်းပြုစုထားရှိခြင်း။ |
| • စစ်တမ်းကောက်ယူရေး လုပ်ငန်းကော်မတီမှ ပြုစုထားသော စာရင်းဇယားများကို အသုံးပြု၍ ဦးစားပေးအရေးပေါ် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုပေးနိုင်ရေး ကြိုတင်စီမံထားရန်။ |
| • ကျန်းမာရေးဌာနရှိ အရေးကြီးမှတ်တမ်းစာရင်းများ ဆုံးရှုံးမှုမရှိစေရန် ကြိုတင်ဆောင်ရွက်ထားရန်။ |
| • ယာယီကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းများအတွက် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများရရှိရန် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန်။ |
| • ကျေးရွာနှင့် ကျေးရွာအုပ်စုကျန်းမာရေးကော်မတီများ၏ စွမ်းဆောင်ရည်များမြှင့်တင်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ လုပ်ဆောင်နိုင်ရေး ကြိုတင်စီစဉ်ထားရန်။ |
| • ကျေးရွာလူထုနှင့် ပူးပေါင်း၍ ထိခိုက်ဒဏ်ရာရလူနာများကို ကျန်းမာရေးကုသမှုပေးနိုင်ရန် ရှေးဦးပြုစုနည်း သင်တန်းများ လေ့ကျင့်သင်ကြားပေးခြင်း။ |
| • မြို့နယ်ဆေးရုံများတွင်လည်း အရေးပေါ်ဆေးကုသရေးအဖွဲ့များ ကြိုတင်၍ ဖွဲ့စည်းထားရှိခြင်း။ |
| • ဆေးရုံ၊ ဆေးခန်းများ တည်ဆောက်ရာတွင် ဘေးဒဏ်ခံနိုင်သော အဆောက်အဦဖြစ်အောင် တည်ဆောက်ရန် အခြားသက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းခြင်း။ |
| • မြို့နယ်အဆင့်၊ ခရိုင်အဆင့်တို့မှ ရရှိနိုင်မည့် ဆရာဝန်၊ သူနာပြုတို့၏အင်အားကို စာရင်းပြုစုထားရှိပြီး ကြိုတင်ညှိနှိုင်းဆွေးနွေးထားရန်။ |
| • ဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင် ဘေးခိုလှုံရာနေရာများတွင် အိမ်သာလုံလောက်ရန်၊ သောက်ရေလုံလောက်ရန်၊ အမှိုက်စွန့်ပစ်စနစ်၊ ရေဆိုးထုတ်စနစ် ကောင်းမွန်အောင် စီစဉ်ထားရှိရန်။ |
| • ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်ရာတွင် ကူညီမည့် အဖွဲ့အစည်းများအား အရေးပေါ် အသက်ကယ်မှုဆိုင်ရာ သင်တန်းပေးရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ဘေးကျရောက်နေစဉ်အတွင်း ဘေးသင့်ပြည်သူများအား အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကြက်ခြေနီတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။ |
| • ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ပါက အရေးပေါ်ယာယီ ဆေးကုသဆောင်များ ဖွင့်လှစ်ပေးရန်။ |

- ပြင်းထန်စွာ ဒဏ်ရာရရှိနေသော အရေးပေါ်လူနာများအား မြို့နယ်မှ ခရိုင်အဆင့်ထိ လိုအပ်သလို လွှဲပြောင်းထားရှိရေး စီမံခန့်ခွဲရေးအဖွဲ့နှင့် ညှိနှိုင်းထားရန်။
- ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ပြီး သတင်းအချက်အလက်ပေါ်မူတည်၍ စီစဉ်ဆောင်ရွက်ရန်။
- ဘေးကျရောက်နေသော ဒေသများသို့ ရွေ့ပြောင်းဆေးကုသရေးအဖွဲ့များ၊ အရေးပေါ်ဆေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ခြင်း။

| ဘေးကျရောက်ပြီး |
|---|
| • ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အရေးပေါ်လူနာများအား လိုအပ်သလို ဆေးဝါးကုသမှုပေးရန်နှင့် လိုအပ်ပါက အထက်အဆင့်သို့ လွှဲပြောင်းပေးရန်။ |
| • သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများအတွက် အထူးဦးစားပေး ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရန်။ |
| • ရေတွင်းရေကန်များ၊ ရေထွက်ပင်ရင်းများအား ကျန်းမာရေးနှင့်ညီညွတ်သော ရေရရှိရေးအတွက် ရေသန့်စင်ဆေးရည်များ ခပ်ပေးရန်။ |
| • ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရန်အတွက် အသိပညာပေးဟောပြောရန်။ |
| • ဘေးကျရောက်ပြီး ဘေးသင့်ပြည်သူများအား စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်း (Psycho Social Support) များ ပြုလုပ်ပေးရန်။ |
| • ဘေးဖြစ်ပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကာကွယ်ဆေးများထိုးပေးခြင်း၊ ယင်လုံအိမ်သာများ ဆောက်ပေးခြင်း၊ သောက်သုံးရေများရရှိရန် အကူအညီပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးရန်။ |
| • အသုံးပြုလိုက်သော ဆေးဝါးများနှင့် ဆေးပစ္စည်းများကို မှတ်တမ်းထားရှိခြင်း။ |
| • ဘေးကျရောက်ပြီးနောက် ကူးစက်ရောဂါ ဖြစ်ပွားမှုမရှိစေရန် စောင့်ကြပ်ထောက်လှမ်းခြင်း၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်နိုင်ရေး ပညာပေးခြင်းနှင့် ဖြစ်ပွားလာပါက အလျင်အမြန် အရေးယူဆောင်ရွက်ခြင်း။ |
| • ကျန်းမာရေးဝန်ထမ်း မလုံလောက်ပါက တင်ပြတောင်းခံခြင်း၊ ဒဏ်ရာရသူများအား ပြန်လည်နလံထနိုင်သည်အထိ စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများအား လုပ်ဆောင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့်လည်း ပူပေါင်းဆောင်ရွက်ခြင်း။ |
| • မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း၊ ညွှန်ကြားချက်များကို ဆောင်ရွက်ခြင်း။ |

## ၆။ လုံခြုံရေး လုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • ကြိုတင်စုဆောင်းထားသော ရိက္ခာနှင့်ရေ စသည့်ပစ္စည်းများကို မသမာသူတို့ဖျက်စီးခြင်း၊ ခိုးယူခြင်းတို့မှ ကာကွယ်ရန်။ |
| • အခြားကော်မတီဝင်များ လုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံရေးလိုက်ပါ ကူညီဆောင်ရွက်ပေးရန်။ |
| • အရေးပေါ် ဆက်သွယ်ရမည့်သူများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ ဖုန်းနံပါတ်များကို စာရင်းပြုစုထားရန်။ (ရဲတပ်ဖွဲ့၊ ရပ်ရွာအုပ်ချုပ်ရေးမှူးများ) |
| • ပုံမှန်အစည်းအဝေးများပြုလုပ်ပြီး အရေးပေါ်လုံခြုံရေးစီမံချက်များ ဒေသအလိုက်ရေးဆွဲ ချမှတ်ရန်။ |

- ဘေးအန္တရာယ်ဖြစ်ပွားသည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိနေရာယူ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ထားရန်။
- ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်သည့် ဇာတ်တိုက်လေ့ကျင့်ခန်းများတွင် ပါဝင်ရန်နှင့် လုံခြုံရေးပေးရန်။

**ဘေးကျရောက်စဉ်**

- ဘေးအန္တရာယ်ကျရောက်နေသည့် နေရာများနှင့် ဘေးခိုလှုံရာ နေရာများတွင် ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး သက်ဆိုင်ရာ နယ်မြေခံတပ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ဘေးအန္တရာယ်သင့် ပြည်သူများ၏ ပစ္စည်းဥစ္စာ၊ အိုးအိမ်အဆောက်အဦများအား မသမာသူများ ဖျက်စီး၊ လုယက်မှုမှ ကာကွယ်ရန်။
- ဘေးအန္တရာယ်သင့် ပြည်သူများအား ဘေးကင်းရာနေရာများသို့ရောက်ရှိရေး ကူညီဆောင်ရွက်ရန်။
- ထိခိုက်လွယ်သောအုပ်စုများကို လုံခြုံစိတ်ချရသောနေရာသို့ရွှေ့ပြောင်းခြင်း၊ ဦးစားပေး လုံခြုံရေးများ လုပ်ဆောင်ခြင်း။
- မြို့နယ်အတွင်း ဌာနဆိုင်ရာများ၏ ရုံးများနှင့် ၎င်းတို့၏ ဌာနဆိုင်ရာပစ္စည်းများကို လုံခြုံမှုပေးခြင်း။
- ဘေးသင့်ဒေသတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေ လုံခြုံရေးများဆောင်ရွက်ပေးရန်။

**ဘေးကျရောက်ပြီး**

- ယာယီပြောင်းရွှေ့နေထိုင်ရသော ပြည်သူများ၏ လုံခြုံရေး၊ ပစ္စည်းဥစ္စာများလုံခြုံရေး ဆောင်ရွက်ပေးရန်။
- ဘေးအန္တရာယ်ကျရောက်ခဲ့သော နေရာများတွင် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး လုပ်ဆောင်ရန်နှင့် ဥပဒေမဲ့ ဆောင်ရွက်မှုများ မဖြစ်ပွားစေရန်အတွက် ဆောင်ရွက်ပေးရန်။
- ဘေးအန္တရာယ်ကျရောက်ခဲ့သော နေရာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ၊ အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်။
- ဘေးအန္တရာယ်ကျရောက်သော နေရာများသို့ ထောက်ပံ့ပစ္စည်းများပို့ဆောင်ရာတွင် လုယက်မှုများ မရှိစေရန်၊ မသမာသူများရန်မှ ကာကွယ်ပေးရန်နှင့် စနစ်တကျရှိစေရန် ဆောင်ရွက်ပေးခြင်း။
- မီးသတ်ယာဉ်များ၊ ကယ်ဆယ်ရေးယာဉ်များ အဆင်ပြေစွာ ဝင်ထွက်သွားလာနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- မီးလောင်ပြင်ကို ရှင်းလင်းရာတွင် မီးဘေးသင့်ပြည်သူများ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ လုံခြုံရေးလုပ်ငန်းကော်မတီမှ ဆောင်ရွက်ရန်။
- လုံခြုံရေးစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ ဘေးကင်းမှုရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်။
- သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး ဘေးသင့်ပြည်သူများ မူလနေထိုင်ရာသို့ လုံခြုံစွာ ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်ရန်။
- ဘေးအန္တရာယ်ဖြစ်ပြီး နောက်ဆက်တွဲ ဖြစ်လာနိုင်ခြေရှိသော အခြေအနေမျိုးတွင် လုံခြုံရေးဆောင်ရွက်ရန်။

## ၇။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • ငွေကြေး၊ ကယ်ဆယ်ရေးပစ္စည်းများ ကူညီပံ့ပိုးပေးနိုင်သော ဌာနဆိုင်ရာများ၊ LNGOs, INGOs, လုပ်ငန်းရှင်များ၏ စာရင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုထားရှိရန်။ |
| • ရန်ပုံငွေများကိုသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီစေရေးအတွက် လိုအပ်သည်များကို ကြိုတင်စီစဉ်ထားရှိရန်။ |
| • သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော အခမ်းအနားများ/အစီအစဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ပြီး ဘဏ္ဍာငွေ ရှာဖွေရေးလုပ်ငန်းများကို လိုအပ်သလို လုပ်ဆောင်ရန်။ |
| • လုပ်ငန်းရှင်များ၊ စေတနာရှင်များနှင့် လူမှုရေးအသင်းများထံမှ ရန်ပုံငွေနှင့် အရေးပေါ်ထောက်ပံ့ပစ္စည်းများ ရရှိရေး နိုးဆော်ရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • လက်ခံရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများသို့ သတင်းထုတ်ပြန်ရန်။ |
| • လက်ခံရရှိသည့် ငွေကြေးပစ္စည်းများ၊ စားနပ်ရိက္ခာနှင့် ထောက်ပံ့ရေးပစ္စည်းများကို စာရင်းဇယားများဖြင့် ဖြန့်ဖြူးရေးကော်မတီသို့ စနစ်တကျ လွှဲပြောင်းအပ်နှံရန်။ |
| • မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ငွေကြေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ရရှိရေးအတွက် ပြည်သူလူထုအတွင်း နိုးဆော်ခြင်း၊ အလှူခံဌာနများ ဖွင့်လှစ်၍ အလှူခံခြင်း။ |
| • အလှူရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြ၍ လမ်းညွှန်မှုအရ ငွေစာရင်းဖွင့် ဆောင်ရွက်ရန်။ |
| • ထောက်ပံ့ရေးပစ္စည်းများ စာရင်းအား စနစ်တကျ ပြုစုထားရှိခြင်း။ |
| • ရရှိလာသော ရန်ပုံငွေများကို မြို့နယ်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန်၊ လျာထားသုံးစွဲရန်။ |
| • မြို့နယ်စာရင်းစစ်ရုံး၏ အကြံပြုချက်နှင့်အညီ ငွေစာရင်းများကို စနစ်တကျရှိစေရေးဆောင်ရွက်ရန်။ |
| • သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန် ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲရမည့်အပြင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး ခွင့်ပြုချက် ရယူဆောင်ရွက်ရန်။ |
| • ထောက်ပံ့ပြီးသော ငွေစာရင်းနှင့် ပစ္စည်းများ၊ သုံးစွဲပြီးကျန်ရှိနေသော၊ ထပ်မံလိုအပ်သော ဘဏ္ဍာငွေနှင့်အထောက်အပံ့များကို စာရင်းပြုစုပြီး အထက်သို့တင်ပြရန်။ |
| • ဘေးကျရောက်ပြီးလျှင် သင့်တော်သော နေရာဒေသများတွင် အလှူငွေနှင့်ပစ္စည်းများ လက်ခံနိုင်ရန်အတွက် အချိန်ကာလ အတိုင်းအတာတခု သတ်မှတ်ပြီး အလှူခံမဏ္ဍပ်များဖွင့်ရန်။ |

၈။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

| ဘေးမကျရောက်မီ |
|---|
| • သဘာဝဘေးအန္တရာယ် ကြားခံအဖြစ် ဆောင်ရွက်ပေးနိုင်သော သစ်တောများအား ပြည်သူလူထုနှင့်ပူးပေါင်း၍ ထိန်းသိမ်းကာကွယ်၊ ပြန်လည်စိုက်ပျိုးရန်။ |
| • တောမီးရှို့မှုများ နည်းပါးစေရန်အတွက် လူထုပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။ |
| • ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်နိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်။ |
| • လူထု၏ အခြေခံလိုအပ်ချက်များကို အရေးပေါ်ဖြည့်စွက်နိုင်ရန် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ထားရန်နှင့် ကျေးရွာပိုင်စိုက်ခင်းများ တည်ထောင်ထားရန်။ |
| • သဘာဝ တော၊ တောင်၊ ရေ၊ မြေ၊ ချောင်း၊ မြောင်းများ မူလအတိုင်း မပပျောက်စေရေးအတွက် သဘာဝတောများအား ထိန်းသိမ်းကာကွယ် ပြုစုစောင့်ရှောက်ထားရန်။ |
| • အကြီးစား စီးပွားရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းအကောင်အထည်မဖော်မီ ပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများအပေါ် ထိခိုက်မှု ရှိ/မရှိ လေ့လာဆန်းစစ်သည့်စီမံချက်များ (Environmental and Social Impact Assessment (ESIA)) များ ပြုလုပ်ရန်။ |
| • သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဒေသခံလူထု ပိုမိုသိရှိလာနိုင်စေရန်နှင့် ပူးပေါင်းပါဝင်လာစေရန် အသိပညာပေး ဟောပြောပွဲများ စဉ်ဆက်မပြတ် ပြုလုပ်ရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • သဘာဝဘေးကျရောက်နေသည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်ကာ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး လိုအပ်သည့်အကူအညီများ ပေးရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • သဘာဝဘေးကြောင့် ပျက်စီးသွားသော စိုက်ခင်းများ၊ သစ်တောများ စာရင်းကောက်ယူရန်နှင့် ရရှိလာသည့် ပျက်စီးဆုံးရှုံးမှု စာရင်းများအား သက်ဆိုင်ရာသို့ တင်ပြရန်။ |
| • ပျက်စီးသွားသော သစ်တောများ၊ စိုက်ခင်းများနေရာတွင် ပြန်လည်အစားထိုး စိုက်ပျိုးရန်။ |
| • ရေစီးရေလာကောင်းစေရန် ချောင်း၊မြောင်းများရှိ အမှိုက်များ သန့်ရှင်းပြုပြင်ရန်။ |
| • ပြန်လည်ထူထောင်ရေး လုပ်ငန်းများပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အယူအဆများ ပါဝင်ပတ်သက်မှု ရှိစေရန် ဟောပြောပွဲများ ပြုလုပ်ပေးရန်။ |

# အခန်း [ ၆ ]

# ဘေးအန္တရာယ်ဒဏ်နည်းပါးသက်သာစေရေး ကြိုတင်ပြင်ဆင်ရေး၊ ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေး၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များ

ကျိုင်းတုံမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း၊ တာဝန်ဝတ္တရားများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရုံသာမက လုပ်ငန်းကော်မတီအသီးသီး၏ အသေးစိတ်လုပ်ငန်းအစီအစဉ်များ ရေးဆွဲတင်ပြစေရန် ကြီးကြပ်လမ်းညွှန်ရမည် ဖြစ်ပါသည်။ ၎င်းလုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများသာမက အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## ၆-၁။ ဘေးအန္တရာယ်နည်းပါးသက်သာစေရေး အစီအစဉ်များ (Mitigation Plan)

သဘာဝဘေးအန္တရာယ်များကို ရှောင်လွှဲ၍ မရသော်လည်း ကြိုတင်ဆောင်ရွက်ထားမှုအစီအစဉ်များ ထားရှိခြင်းအားဖြင့် သဘာဝဘေးကြောင့်ဖြစ်လာနိုင်မည့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အောက်ဖော်ပြပါ သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေး အစီအစဉ်များကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

| လုပ်ငန်း | ကြီးကြပ်ရမည့်အဖွဲ့ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|
| (က) ဘေးအန္တရာယ်ကျရောက်ခဲ့သော နေရာများတွင် လေကာပင်များ စိုက်ပျိုးခြင်းနှင့် ရှိရင်းသစ်တောများ ပြုစုထိန်းသိမ်းခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ<br>– သစ်တောဦးစီးဌာန<br>– အစိုးရမဟုတ်သော အဖွဲ့အစည်းများ<br>– ဒေသခံပြည်သူများ |
| (ခ) မြေပြိုပြီး မိုးများလေ့ရှိသော ဒေသများတွင် လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း မရှိစေရန် တိုက်တွန်းနှိုးဆော်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – သဘာဝဘေးအန္တရာယ်ဆိုင်ရာပညာပေးရေး လုပ်ငန်းကော်မတီ<br>– မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| (ဂ) ဘေးကျရောက်လွယ်သော ဒေသများရှိအဆောက်အဦများ အရည်အသွေး၊ ကြံ့ခိုင်မှုအား စစ်ဆေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မြို့နယ် စည်ပင်သာယာရေးကော်မတီ |
| (ဃ) လေပြင်းဒဏ်၊ ရေလွှမ်းမိုးမှုဒဏ် ခံနိုင်သည့်အဆောက်အဦများဆောက်လုပ်ရန် တွန်းအားပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – လမ်းဦးစီးဌာန<br>– ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>– ဆောက်လုပ်ရေးလုပ်ငန်းရှင်များ<br>– အိုးအိမ်ဦးစီးဌာန |
| (င) သဘာဝဘေးအန္တရာယ်ဒဏ် ခံနိုင်သောအဆောက်အဦများ တည်ဆောက်ရာတွင်ဆောက်လုပ်ရေး အလုပ်သမားများအား သင်တန်းပေးနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>– ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>– INGO များ |
| (စ) ဘေးအန္တရာယ် ကျရောက်နိုင်သော နေရာများတွင် လူနေအိမ်ရာများ ဆောက်လုပ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ပြုလုပ်ခြင်းကို တားမြစ်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်း ဦးစီးဌာန<br>– မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (ဆ) မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မြို့နယ် စည်ပင်သာယာရေးကော်မတီ<br>– မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| (ဇ) ဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသောနေရာများတွင် ဘေးခိုလှုံရာ အဆောက်အဦများဆောက်လုပ်ပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>– ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>– INGO များ |

| | | |
|---|---|---|
| (ဈ) ရွှေ့ပြောင်းတောင်ယာစနစ် လျှော့နည်းစေရန်အတွက် တောင်သူများအား အသိပညာပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးရေး လုပ်ငန်းကော်မတီ<br>– သစ်တောဦးစီးဌာန<br>– စိုက်ပျိုးရေး ဦးစီးဌာန<br>– ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန |
| (ည) ရပ်ကွက်၊ ကျေးရွာအတွင်းရှိ လမ်းများအား မီးသတ်ယာဉ်ဝင်နိုင်စေရန် လမ်းချဲ့ထွင်ပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – လမ်းဦးစီးဌာန<br>– မြို့နယ် စည်ပင်သာယာရေး<br>– အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန<br>– ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (ဋ) သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးတို့နှင့် ပတ်သက်၍ ပြည်သူလူထုအား ပညာပေးဆောင်ရွက်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးရေး လုပ်ငန်းကော်မတီ<br>– အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန<br>– အခြေခံပညာဦးစီးဌာန<br>– INGO, NGO များ |

## ၆-၂။ ကြိုတင်ပြင်ဆင်ရေး အစီအစဉ်များ (Preparedness Plan)

ကြိုတင်ပြင်ဆင်ရေး အစီအစဉ်များဆိုသည်မှာ ဘေးအန္တရာယ်ကျရောက်ချိန်နှင့် ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်ရန်အတွက် သီးခြားလေ့ကျင့်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ အနေဖြင့်အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးက ပီပြင်စွာဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ပေးရမည် ဖြစ်ပါသည်။

| လုပ်ငန်း | ကြီးကြပ်ရမည့်အဖွဲ့ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|
| (က) လုပ်ငန်းကော်မတီအလိုက် အသေးစိတ်လုပ်ငန်းစီမံချက် ရေးဆွဲတင်ပြခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – လုပ်ငန်းကော်မတီများ အားလုံး |
| (ခ) မီးဘေးလုံခြုံရေးစီမံချက်ပါ လုပ်ငန်းစဉ်များအတိုင်း ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မီးသတ်ဦးစီးဌာန |
| (ဂ) ဘေးအန္တရာယ်နှင့်ဆိုင်သော ကြိုတင်သတိပေးစနစ်နှင့် အရေးပေါ်ကြေညာချက် အဆင့်သတ်မှတ်ခြင်းများအား ပြည်သူလူထုအားလုံး သိရှိစေရန် စီမံဆောင်ရွက်ခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ | – မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>– ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေး ဦးစီးဌာန<br>– ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>– ဒေသခံပြည်သူများ |

| | | |
|---|---|---|
| (ဃ) မြို့နယ်သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ လုပ်ငန်း ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရေးပေါ် ဆက်သွယ်ရမည့်စနစ် ထားရှိဆောင်ရွက်ခြင်း။ | မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | – ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန |
| (င) ကြိုတင်သတိပေးစနစ်၊ အရေးပေါ်ဆက်သွယ်ရေး၊ အရေးပေါ်ရွှေ့ပြောင်းရေး၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအစီအစဉ်များကို ဖာတ်တိုက်လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း။ | မြို့နယ်သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | – ဌာနဆိုင်ရာများအားလုံး<br>– ကျေးရွာအုပ်ချုပ်ရေးမှူးများ<br>– ဒေသခံပြည်သူများ |

## ၆–၃။ တုံ့ပြန်မှုအစီအစဉ်များ (Response Plan)

သဘာဝဘေးအန္တရာယ်တစ်ခု ကျရောက်လာသည့်အခါ လျင်မြန်ထိရောက်သော တုံ့ပြန်မှုများ ရရှိစေရန်အတွက် ထိရောက်သော ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပို့ဆောင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းမှုများသည် အလွန် အရေးကြီးသော လုပ်ငန်းများဖြစ်ပါသည်။ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အောက်ဖော်ပြပါ တုံ့ပြန်မှုအစီအစဉ်များကို အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဦးဆောင်လမ်းညွှန်ပေးရမည် ဖြစ်ပါသည်။

